မြန်မာ့အလင်း

၁၂၇၈ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၃၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ဂုဏ်ပြုနှုတ်ဆက်၊ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ ပြည်ထောင်စုနေ့ကိုယ်စားလှယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဂုဏ်ပြုနှုတ်ဆက် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုနှုတ်ဆက် ညစာစားပွဲသို့ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်

စာမျက်နှာ ၈ ကော်လံ ၁ ■

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် စစ်ပင်တောင်ကျေးရွာအနီး တည်ဆောက်နေသည့် ငမိုးရိပ်ရေထိန်းတံခါးစီမံကိန်းကို ဖေဖော်ဝါရီ ၁၃ရက်က ဤသို့တွေ့ရသည်။

(လယ်ယာ/ဆည်မြောင်း)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်ရေး နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် လက်တွဲညီညီ ကြိုးပမ်းလုပ်ဆောင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်စေရန် ရည်မှန်းချက်ထားပြီး ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် အားထည့်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မိမိနိုင်ငံ၏ ရေမြေအခြေအနေ၊ မိမိနိုင်ငံ၏ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် ကိုက်ညီသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာစေရန် မှန်ကန်သောလုပ်ငန်းစဉ် အဆင့်ဆင့်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန်အတွက် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲညီညီ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ မျက်မှောက်ကာလတွင် တိုးတက်ပြောင်းလဲနေသော အောင်မြင်ဖြစ်ထွန်းမှုများကို မျက်ဝါးထင်ထင် တွေ့မြင်နေရသည်။

တပ်မတော်အစိုးရသည် နိုင်ငံသားများ၏ အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ ရည်မှန်းချက်ရောက်ရှိအောင် လက်တွေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက်ရှိရာ ရည်မှန်းထားသည်ထက် ကျော်လွန်အောင်မြင်ခဲ့သည်ကို တွေ့ရသည်။

ထို့ကြောင့်ရရှိထားသော ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ရပ်တန့်မသွားစေဘဲ ဖွံ့ဖြိုးတိုးတက်သည်ထက်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အပိုင်းက ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည့်နည်းတူ ဝန်ထမ်းများအပိုင်း၊ ပြည်သူများအပိုင်းကလည်း ညီညီညွတ်ညွတ် တက်တက်ကြွကြွ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် ဖြစ်သည်။

ဝန်ထမ်းများအနေဖြင့် ပြည်သူများနှင့်တစ်သားတည်း ကျင့်ကြံနေထိုင်ပြီး အစစအရာရာ စေတနာရှေ့ထား၍ ပြည်သူများ၏ ဘဝတိုးတက်အောင်၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာအောင် ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်ကြရန်ဖြစ်သည်။

ပြည်သူများအပိုင်းကလည်း မိမိတို့၏ အကျိုးစီးပွား ဖြစ်ထွန်းရေးကို အလေးထား လုပ်ကိုင်ကြရင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာစေရန် ရှေးရှုဆောင်ရွက်ကြရမည် ဖြစ်သည်။ တိုင်းရင်းသား ပြည်သူများအနေဖြင့် မိမိတို့၏သားစဉ်မြေးဆက် ကောင်းစားရေးသည် မိမိတို့၏ပစ္စုပ္ပန်လူများ၌ တာဝန်ရှိသည်ဟုခံယူပြီး တာဝန်ကျေပွန်သော မျက်မှောက်ကာလ နိုင်ငံသားများဖြစ်စေရန် ထိထိမိမိ အလုပ်လုပ်ကြရန်ဖြစ်သည်။

နိုင်ငံသူနိုင်ငံသားများသည် မိမိတစ်ဦးချင်းအတွက်၊ မိမိပတ်ဝန်းကျင်ဒေသအတွက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှသာ နိုင်ငံတော်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဆက်လက်သယ်ဆောင်နိုင်မည်ကို နားလည်သိမြင် ထားရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အားထုတ်ကြိုးပမ်းမှုနှင့်အတူ တီထွင်ကြံဆမှုရှိရန် အရေးကြီးပေသည်။ မိမိတို့ဒေသအတွင်းရှိ ရေမြေသယံဇာတများနှင့် ဖြစ်ပေါ်တိုးတက်နိုင်မှုများကို နည်းလမ်းမျိုးစုံ ရှာကြံအားထုတ်၍ နိုင်ငံတော်ပံ့ပိုးမှုကို အပြည့်အဝထိရောက်စွာ အသုံးချနိုင်ပါက နိုင်ငံတော်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အပြင် နိုင်ငံတော်ရှိ လူဦးရေ၏ ၇၀ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်သည်။ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရန်မှာ စိုက်ပျိုးရေးလုပ်ငန်းများကို ပိုမိုအားထည့် လုပ်ကိုင်ကြရမည် ဖြစ်သည်။

နိုင်ငံတော်၏ စိုက်ပျိုးနိုင်သည့် စိုက်ပျိုးမြေဧရိယာသည် ဧကသန်း ၅၀ခန့်ရှိရာ ယနေ့စိုက်ပျိုးလုပ်ကိုင်နေကြသည်မှာ ဧက ၂၅သန်းကျော်သာ ရှိနေပေသေးသည်။ ထို့ကြောင့် ဧက ၂၅သန်းကို ထပ်မံတိုးချဲ့စိုက်ပျိုးခြင်း၊ မစိုက်ပျိုးနိုင်သေးသည့် မြေလွတ်မြေရိုင်းများကို အပြည့်အဝ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးသည် များစွာပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်အပိုင်းကလည်း ဒေသခံပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် နိုင်ငံတစ်ဝန်းတွင် ဆည်တမံများ ၁၇၀နှင့် မြစ်ရေတင်စီမံကိန်းများ ၂၇၁ခုကို စေတနာရှေ့ထား၍ ငွေကြေး အမြောက်အမြား အကုန်အကျခံကာ ဆောင်ရွက်ပေးခဲ့ရာ နိုင်ငံတော်က ဖန်တီးဖော်ဆောင်ဖြည့်ဆည်းပေးမှုများကို ထိထိရောက်ရောက် အသုံးချလုပ်ကိုင်ကြရန် ဖြစ်သည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်ရေးအတွက် နိုင်ငံတော်၏ ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးမှုများကိုရယူအသုံးချပြီး တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်ကြီး ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လဂွမ်းပြင်ရေလှောင်တမံနှင့် အလိုင်နီရေလှောင်တမံ
ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး စစ်ဆေး ၊ ရော်ဘာစိုက်ခင်းများဖြစ်ထွန်းမှု ကြည့်ရှု

ရန်ကုန် ဖေဖော်ဝါရီ ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရဲမွန်တပ်နယ်ဈေးစံပြရာသီ သီးနှံစိုက်ခင်းနှင့် မျိုးစေ့ပျိုးပင်အရောင်းဆိုင်ကိုလည်းကောင်း၊ တပ်ရင်း၊ တပ်ဖွဲ့မိသားစုများ တစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်ရန် မျိုးစေ့ပျိုးပင်ဖြန့်ဖြူးမှုနှင့် စံပြနမူနာစိုက်ခင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မျိုးကောင်းမျိုးသန့်နှင့် နည်းပညာပံ့ပိုးကူညီမှုပေးမည့်အစီအစဉ်နှင့် နိုင်ငံတော်၏အစီအမံဖြင့် တိုးချဲ့စိုက်ပျိုးလျက်ရှိသောရော်ဘာစိုက်ပျိုးမှုအတွက် ရော်ဘာပျိုးခင်းများ တည်ထောင်နိုင်ရေးကိစ္စများကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရဲမွန်တပ်နယ်အနီးရှိ လဂွမ်းပြင်ရေလှောင်တမံ ဆည်ရေသောက် ဧရိယာ၌ရှိသည့် ၁၀ ဒသမ၇၅ မိုင်ရှည် တူးမြောင်းမကြီး လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးမှုနှင့် ဆည်ရေပေးမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ရေပေးတူးမြောင်းများ ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို ဆည်ရေသောက် ဧရိယာပြမြေပုံဖြင့် ရှင်းလင်းတင်ပြသည်။

ဆည်ရေပေး

ယခုအခါ လဂွမ်းပြင်ရေလှောင်တမံ၏ တူးမြောင်းမကြီး ပြီးစီး၍ ယခုနှစ်မှစတင်ကာ ဆည်ရေပေးလျက်ရှိသည်။ အရှည် ၆ဒသမ၈၂ မိုင်ရှိသည့် လက်တံ(၁) တူးမြောင်း လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ပြီးစီး၍ ၁၀ဒသမ ၄၂ မိုင်ရှိသည့် လက်တံ(၂)တူးမြောင်းလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိသည်။ တူးမြောင်းအဆောက်အအုံ ၂၁ခုမှာလည်း ရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်ကြောင်းသိရှိရသည်။ ထို့နောက် ဝန်ကြီးသည် ရန်ကုန်တိုင်းနှင့်ပဲခူးတိုင်း နယ်စပ် သမီးကလေးကျေးရွာ အနီးရှိ လဂွမ်းပြင်ရေလှောင်တမံသို့ ရောက်ရှိကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)** လဂွမ်းပြင် ရေလှောင်တမံသည် ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၄၈၀၀၀ရှိရာ လက်ရှိတွင် ရေဧကပေ ၁၁၀၀၀၀ သိုလှောင်ထားသည်။

အလိုင်နီတမံ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပုဂ္ဂလိကရော်ဘာခြံများကို ကြည့်ရှုစစ်ဆေးအားပေးသည်။ ဆက်လက်၍ ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ အလိုင်နီ ရေလှောင်တမံသို့ ရောက်ရှိစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် တောင်သူလယ်သမားများ၊ ခြံလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများအား တွေ့ဆုံ၍ ဆည်ရေသောက် ဒေသသီးထပ် စိုက်ပျိုးရေး၊ စိုက်ပျိုးရေ အလေအလွင့်မရှိအောင် အသုံးချရေး၊ မြေလွတ် မြေလပ်များ၌ ရော်ဘာနှင့်ဥယျာဉ်ခြံတည်ထောင်ရေးတို့ကို မှာကြားပြီး ရော်ဘာစိုက်ခင်းများ ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၆ ရက် က သင်္ဃန်းကျွန်း မြို့နယ် အမှတ် (၃) အခြေခံပညာ မူလတန်းကျောင်း မိဘ ဆရာ အသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ လေးနှစ်ဆက်တိုက် ပထမဆုရ စတုတ္ထတန်းမှ မနှင်းဟေမာန်စိုးအား ကျောင်းအုပ်ဆရာမကြီးဒေါ်စန်းအိက ဆုချီးမြှင့်စဉ်။ (က-ပ)

ဂန္ဓကုဋိ ကျောင်းဆောင် ဆောက်လုပ်ရန် လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပဲခူးမြို့နယ် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၆၂ ဘုရားကလေးကျေးရွာအုပ်စု ဥက္ကံမင်းလမ်းရပ်ကွက် ကန်ဦးကျောင်းတိုက်အတွင်းရှိ အနန္တမေတ္တာမဟာဇေယျာသိဒ္ဓိ ဆုတောင်းပြည့် လျောင်းတော်မူဘုရားကြီး တည်ထားပူဇော်ရန်နှင့် ဂန္ဓကုဋိကျောင်းဆောင် ဆောက်လုပ်လျက်ရှိရာ လှူဒါန်းလိုပါက ဆရာတော်ဘဒ္ဒန္တဣန္ဒက ကန်ဦးကျောင်းတိုက်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အငြိမ်းစားတို့ စကားဝိုင်း(၅)

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၂၅ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး (၁/၂၀၀၅)တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က–

'ယနေ့ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း၊ ပထမအဆင့်လည်းဖြစ် အရေးကြီးဆုံး ကိစ္စလည်းဖြစ်သည့် အမျိုးသားညီလာခံကို ကျင်းပလျက်ရှိနေကြောင်း၊ ၂၀၀၄ ခုနှစ် မေလ၁၇ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အထိ အမျိုးသားညီလာခံ၏ အခန်းကဏ္ဍတစ်ရပ်ကို အောင်အောင်မြင်မြင်ဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း'

'ယခုတစ်ဖန် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်နေ့တွင် အမျိုးသား ညီလာခံကို ထပ်မံကျင်းပ ပြုလုပ်သွားမှာဖြစ်ကြောင်း၊ ပြည်နယ်၊ တိုင်း အသီးသီးတို့မှ မြို့နယ်အဆင့်အထိ ပါဝင်သည့် တိုင်းရင်းသား ကိုယ်စားလှယ်များ၊ တရားဝင် ပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များနှင့် ဥပဒေ ဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည့် တိုင်းရင်းသား ကိုယ်စားလှယ်များ အသီးသီးတို့ ပါဝင်ညှိနှိုင်း ဆွေးနွေးကြမည့် ညီလာခံကြီးဖြစ်ကြောင်း'

'ယင်းညီလာခံကြီးက ညှိနှိုင်းဆွေးနွေး သဘောတူရရှိခဲ့သည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများအပေါ်တွင် အခြေခံပြီး အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်အတွက် မရှိမဖြစ် လိုအပ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲသွားကြမှာ ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးမှာ အရေးကြီးကြောင်း၊ ဤညီလာခံကြီးကို ဖျက်လိုဖျက်ဆီး ပြုလုပ်လိုကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့နှင့်အတူ မိမိတို့ စစ်မှုထမ်းဟောင်း အဖွဲ့များကလည်း အခြားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ၊ မီးသတ်စသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ မပေါ့သောသတိ၊ မလျော့သောလုံ့လ၊ ဝီရိယတို့ဖြင့် စောင့်ကြပ်ကြည့်ရှုပြီး ဟန့်တားကာကွယ်သွားကြရမှာ ဖြစ်ကြောင်း'

ပြောကြားသွားခဲ့ပါသည်။

ထို့ပြင် နေ့စဉ်ထုတ် သတင်းစာများနှင့် ရုပ်မြင်သံကြားတို့တွင် ဇန်နဝါရီလ ၂၅ရက်နေ့မှစ၍ နေ့စဉ်လိုလိုပင် မြန်မာနိုင်ငံတစ်ဝန်း မြို့နယ်အသီးသီးတို့၌ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားတို့ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ပါဝင်တက်ရောက်၍ ကျင်းပပြုလုပ်နေကြသည်ကိုလည်း တွေ့ရှိနေရပါသည်။

သို့ပါ၍ အမျိုးသားညီလာခံနှင့်ဆက်စပ်ပြီး ကျွန်တော်တို့ အငြိမ်းစားတစ်သိုက် စကားဝိုင်းဖွဲ့မိကြပါသည်။

'အမျိုးသားညီလာခံကို ဖေဖော်ဝါရီလ ၁၇ရက်နေ့မှာ ဆက်လက်ကျင်းပ သွားတော့မယ် မဟုတ်လား'

'ဟုတ်ပ ၂၀၀၄ခုနှစ် မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၉ရက်နေ့အထိ အပိုင်းတစ်ပိုင်းကို အောင်အောင်မြင်မြင် ကျင်းပပြုလုပ်ခဲ့ပြီးလို့ အခု ဆက်လက် ကျင်းပမှာလေ'

'အမျိုးသားညီလာခံဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းသွားဖို့အတွက် အခြေခံအကျဆုံး၊ အရေးကြီးဆုံး အဆင့်တစ်ဆင့် မဟုတ်လား'

'အေးလေကွာ၊ အနာဂတ် နိုင်ငံတော်ကြီးအတွက် အသက်သွေးကြောပမာ အရေးပါတဲ့၊ ခိုင်မာတောင့်တင်းပြည့်စုံတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ဖို့ အခြေခံမူတွေနဲ့ အသေးစိတ်အခြေခံရမယ့်မူတွေကို ချမှတ်ပေးကြမယ်လေ။ ဒါကြောင့် နိုင်ငံအတွက် အရေးကြီးဆုံးပဲဟ'

'အခုလို ဒီမိုကရေစီအတွက် လုပ်ဆောင်နေကြတာကို ဒီမိုကရေစီကိုပဲ လိုချင်ပါတယ်ဆိုတဲ့ ပါတီနဲ့ နိုင်ငံရေးသမားအချို့က ဘာဖြစ်လို့ဆန့်ကျင်ကန့်ကွက်နေကြတာလဲ'

'၁၉၉၃ခုနှစ်က စတင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံမှာ အဲဒီပါတီလဲ တက်ခဲ့တာပဲလေ။ အခြေခံမူ ၁၀၄ ချက်ကိုတောင် အားလုံး သဘောတူညီချမှတ်ခဲ့သေးတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း မယ်ဒလင်းအောလ်ဘရိုက်နဲ့ ဟိုအမျိုးသမီးတွေ့ပြီး ဘာတွေဩဝါဒပေးလို့ ဘာတွေမက်လုံးပေးသွားသလဲတော့ မသိဘူး၊ NLDပါတီ ကိုယ်စားလှယ်တွေလဲ ညီလာခံကို ကျောခိုင်းထွက်သွားတော့တာပဲ'

'ရှင်းရှင်းလေးပါကွာ၊ လူပုဂ္ဂိုလ်တစ်ဦးအတွက်ကိုပဲ အလေးထားနေကြတော့ သူတို့စိတ်ကြိုက် မလုပ်နိုင်တာမို့ နိုင်ငံအကျိုးထက် ပုဂ္ဂိုလ်တစ်ဦးရဲ့အကျိုးက ပိုမိုအရေးကြီးတယ်ဆိုတဲ့ ခံယူချက်နဲ့ ကျောခိုင်းသွားတာထင်ရှားပါတယ်'

'အခုလဲ သူတို့ရဲ့ လိုလားချက်တွေရမှ တက်မယ်ဆိုပဲဟ၊ သူတို့မပါ ရင် နိုင်ငံအတွက်လိုအပ်ချက်တွေ ဘာမှလုပ်ဆောင်လို့ မရတော့ဘူးလို့ အထင်ကြီးပြီး သွေးနားထင်ရောက်နေကြတယ် ထင်ပ'

'ပြည်ပက ဩဇာပေးနေကြတဲ့ ဆရာကြီးတွေကလဲ မြှောက်ပေးနေကြတော့ သူတို့မြှောက်ပေးသလို အဟုတ်ကြီး၊ အကောင်းကြီးထင်ပြီး လိုက်လုပ်နေကြတော့ ခက်တော့ခက်တာပဲကွာ'

'နိုင်ငံတကာ အဖြစ်အပျက်တွေကို လေ့လာဆန်းစစ်ရင် သင်ခန်းစာယူစရာတွေ အများကြီးပါကွာ၊ သတိတရားတော့ ရှိသင့်ပါပြီ'

'ဟိုနိုင်ငံကြီးကလဲ ဘာလို့များ တို့နိုင်ငံအပေါ် ဖိအားတွေပေး၊ အမျိုးမျိုးဒုက္ခတွေပေးပြီး ဗိုလ်ကျစိုးမိုးရေး လုပ်နေသလဲတော့ မသိဘူး'

'ရှင်းပါတယ် သူငယ်ချင်းရာ၊ ကမ္ဘာတစ်ခုလုံးကို ဗိုလ်ကျစိုးမိုးချင်တယ်၊ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးတို့မှာ ထိပ်ဆုံးနေရာက အမြဲနေချင်တော့ မဟာ ဗျူဟာတွေ၊ နည်းဗျူဟာတွေ ချမှတ်ပြီး လုပ်ဆောင်နေကြတာပါ'

'မြန်မာနိုင်ငံက အငယ်လေးပါကွာ၊ သူတို့အတွက် ဘယ်လိုအကျိုးများ ရှိလို့လဲဟ'

'ကမ္ဘာမှာ သူတို့ကို ယှဉ်ပြိုင်နိုင်မယ့်နိုင်ငံက အနည်းငယ်ပဲ ရှိတယ်လေ။ တို့မြန်မာနိုင်ငံကလဲ တရုတ်၊ အိန္ဒိယတို့နဲ့ မြေပြင်ခြင်း တစ်ဆက်တည်း

ဟိန်းမြင့်

ဖြစ်နေတယ်။ ဒါ့အပြင် မြောက်ဘက် နတ်မြစ်ဝကနေ တောင်ဘက် ဘုရင့်နောင်အငူ အထိ မိုင်ပေါင်း ၁၃၈၅မိုင်ခန့်ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းရှိတယ်။ ကမ်းခြေကနေပြီး သီးသန့်စီးပွားရေးဇုန်အထိ ဧရိယာ စတုရန်းမိုင်ပေါင်း တစ်သိန်းလေးသောင်းကျော် ကျယ်ဝန်းတဲ့ ပင်လယ်ပြင်ကို ပိုင်ဆိုင်ထားတယ်။ ပင်လယ်ရေလမ်းခရီးမှာ အဓိကကျတဲ့ မလက္ကာရေလက်ကြားနဲ့လဲ ဆက်စပ်နေတယ်လေ။ ဒါကြောင့် နိုင်ငံရေး ပထဝီဝင် အနေအထားအရ တို့နိုင်ငံကို ထိန်းချုပ်ထားနိုင်ရင်၊ သူကြိုးဆွဲတိုင်းကမယ့် ရုပ်သေးအစိုးရကို တင်ထားနိုင်ရင် သူ့ကိုယှဉ်လာနိုင်မယ်လို့ သုံးသပ်ထားတဲ့ နိုင်ငံတွေကို ရေပြင်၊ မြေပြင်တို့ကနေ စောင့်ကြပ်ထိန်းချုပ်ထားနိုင်မယ့်အပြင် အချက်အချာကျတဲ့ မလက္ကာရေလက်ကြားကိုပါ တစ်ပါတည်း ဆက်စပ်ထိန်းချုပ်ထားနိုင်မယ်လေ'

'အေးကွာ၊ တို့က ဒီလိုစစ်ရေးအမြင်မရှိတော့ မခန့်မှန်းတတ်ဘူးကွာ၊ အခုမှပဲ ရှင်းတော့တယ်။ ဒါကြောင့် ဆူနာမီရေဘေးဒုက္ခကို ကူညီနေရင်းနဲ့ မလက္ကာရေလက်ကြားဆိုင်ရာ အချက်အလက်တွေကို စုံစမ်းလေ့လာနေတယ်လို့ အင်ဒိုနီးရှားက ပြောဆိုခဲ့တဲ့သတင်းကို သတင်းစာမှာ မြင်တွေ့ခဲ့ရတာ အခုမှပဲ ဆက်စပ်တွေးမိတော့တယ်'

> **ညီလာခံကအတည်ပြု ဆုံးဖြတ်ကြမယ့် အခြေခံမူတွေ၊ အသေးစိတ် အခြေခံရမယ့် မူတွေအတိုင်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲကြမယ်။ ရေးဆွဲပြီးရင် ပြည်သူလူထုထံကို ချပြပြီး ဆန္ဒခံယူမယ်။ ပြည်သူလူထုက ထောက်ခံတယ်ဆိုမှ အတည်ပြုမှာဖြစ်တဲ့အတွက် ဒီမိုကရေစီအကျဆုံး လုပ်ဆောင်နေမှုပဲလို့ ဆိုရမှာပါ။**

'ပြည်ပြေး၊ ဝရမ်းပြေးအဖွဲ့တွေကလဲ တစ်မှောင့်ပဲကွ။ အဆိုးမြင်ဘက်ကနေ အမြဲကြည့်လို့ နိုင်ငံအတွက် အဖျက်လုပ်ငန်းတွေကိုပဲ ပြောဆိုဖန်တီးလုပ်ဆောင်နေကြတယ်'

'အဲဒီလိုပြော၊ အဲဒီလိုလုပ်မှလဲ သူတို့ကို ထောက်ပံ့ပေးကမ်းနေကြတဲ့ ဆရာကြီးတွေက ကြိုက်ကြမှာလေ။ ဒါမှလဲ သူတို့စားဝတ်နေရေး အဆင်ပြေမယ် မဟုတ်လား။ ဘယ်သူသေသေ၊ ငတေမာရင်ပြီးရောဆိုတဲ့ အဖွဲ့သားတွေပဲ'

'ဟိုအဝေးမှာရှိတဲ့ နိုင်ငံကြီးတစ်ခုက နိုင်ငံပေါင်းစုံက ပြေးလာတဲ့ ပြည်ပြေးအဖွဲ့တွေကို မွေးထား၊ ကျွေးထား၊ ပေးကမ်းထားပြီး ပစ်မှတ်နိုင်ငံ တစ်ခုနဲ့ ပတ်သက်လာရင် အဲဒီပစ်မှတ်နိုင်ငံက ပြည်ပြေးအဖွဲ့တွေကိုပဲ အသုံးချနေတာကို နိုင်ငံတိုင်း သိကြပါတယ်။ သူ့နိုင်ငံအကျိုးအတွက် တပည့် လက်ရင်းတွေကို လက်သပ်မွေး ခိုင်းစားနေတာ ကြာပါပကောကွာ။ တို့ဆီက ဝရမ်းပြေးတွေ၊ ပြည်ပြေးတွေအနေနဲ့လဲ သူတို့ ချမ်းသာကြွယ်ဝဖို့၊ အနေ အစားချောင်ဖို့၊ ဒေါ်လာ မြက်မြက်ကလေးရဖို့ပဲ စဉ်းစားလုပ်ဆောင်နေကြတာ၊ ဘာလုပ်ရင် နိုင်ငံအတွက် ဘယ်လိုဘေးဒုက္ခဆိုးကျိုးတွေ ဖြစ်ပေါ်လာနိုင်တယ်ဆိုတာ ထည့်စဉ်းစားတတ်ကြတာမျိုးမှ မဟုတ်တာ'

'ဖေဖော်ဝါရီလ ၁ ရက်နေ့က သတင်းထုတ်ပြန်ရေး ကော်မတီရဲ့ သတင်းစာ ရှင်းလင်းပွဲမှာ ရဲချုပ်က ပြည်ပရောက် အဖျက်သမားအဖွဲ့အစည်းတွေ အဖျက်လုပ်ရပ်တွေလုပ်ဖို့ ဘယ်လိုစီမံနေကြတယ်ဆိုတာကို ရှင်းပြသွားတာ တွေ့ရတယ်'

'အဲဒီမှာ ပြည်ပြေးစိန်ဝင်းက ဇန်နဝါရီလ ၁၂ရက်မှာ နိုင်ငံခြားသားအချို့နဲ့ နိုင်ငံခြားရောက် မြန်မာနိုင်ငံသားများထံကို မြန်မာအစိုးရအပေါ် ဆန့်ကျင်ဖို့အတွက် ရန်ပုံငွေထည့်ဝင်ရေးဆိုပြီး သွေးထိုးလှုံ့ဆော်စာများကို ပေးပို့ဖြန့်ချိကာ တစ်ဖက်ကကိုယ်ကျိုးရှာရင်း တစ်ဖက်ကလဲ အဖျက်လုပ်ရပ်များ ပူးပေါင်းကျူးလွန်ရန် စည်းရုံးလှုပ်ရှားနေကြောင်း အထောက်အထားတွေ ရရှိထားတယ်လို့' ရှင်းပြသွားတယ်။

'ပြည်သစ်ညွန့်ဝေ(ခ)မောင်မောင်ကလဲ နောက်ထပ် စင်ပြိုင်အစိုးရတစ်ခုဖွဲ့ဖို့ ကြိုးစားနေတယ်လို့ သိရတယ်ဟ။ အဲဒီမှာ သူက ဝန်ကြီးချုပ်နေရာရအောင် လုပ်နေဆိုပဲ'

'အဝေမတဲ့ကြတော့ စားခွက်လုနေကြတဲ့ သဘောပါပဲဗျာ'

'ဖောက်ခွဲရေးအဖွဲ့တွေ စေလွှတ်ဖို့ ကြိုးစားနေတယ်ဆိုတာကိုတော့ ပြည်သူအားလုံး သတိရှိကြရမှာပေါ့ကွာ။ အရင် ၂၀၀၄ခုနှစ် မေလက ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံကာလမှာလဲ ရန်ကုန်ဘူတာကြီးတစ်ဝိုက်မှာ ဗုံးပေါက်ကွဲမှုတွေ ရှိခဲ့တယ်မဟုတ်လား။

'ဒါကြောင့် အတွင်းရေးမှူး(၁)က အမျိုးသားညီလာခံကြီးကို ဖျက်လိုဖျက်ဆီး လုပ်လိုကြတဲ့ ပြည်တွင်းပြည်ပ အဖျက်သမားများကို မပေါ့သောသတိ၊ မလျော့သော လုံ့လဝီရိယတို့နဲ့ စောင့်ကြပ်ကြည့်ရှုပြီး ဟန့်တားကာကွယ်တားဆီးကြဖို့ သတိပေးခဲ့တာပေါ့'

'အေးလေ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ကြိုတင်ကာကွယ်သလို ပြည်သူလူထုအားလုံးကလဲ ပူးပေါင်းပြီး သတင်းပေး ဖော်ထုတ်တားဆီးကြရမှာပေါ့ကွာ။ ဒါမှလဲ အဖျက်အမှောင့်သမားတွေရဲ့ လုပ်ရပ်တွေကို ကာကွယ်တားဆီး ချေမှုန်းနိုင်မှာပေါ့'

'ဒီမိုကရေစီအတွက် ရှေးရှုပြီး အကောင်အထည်ဖော် လုပ်ဆောင်နေတဲ့ အမျိုးသားညီလာခံကို ဒီမိုကရေစီပေါ်ပေါက်ထွန်းကားရေးအတွက် လုပ်နေတာပါလို့ တစ်ဖွဖွဆိုနေတဲ့ နိုင်ငံကြီးက ဘာလို့များ ကန့်ကွက်နေလဲ မသိဘူး'

'သဘောတူလက်ခံပြီးတဲ့ အခြေခံမူ ၁၀၄ ချက်နဲ့ အသေးစိတ်အခြေခံရမယ့် မူများမှာ 'နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု'ဆိုတဲ့ အချက်ပါတယ်ဟ။ ဒီအချက်က သူ့အရိုက်ကို အထိုးခံလိုက်ရတဲ့ သဘောမျိုး ဖြစ်တယ်လေ။ တို့နိုင်ငံကို စိုးမိုးထိန်းချုပ်လိုတာက သူ့တပ်တွေကို အကြောင်းအမျိုးမျိုးပြလို့ ပင်လယ်ပြင်နဲ့ ကုန်းတွင်းနေရာတွေမှာ ချထားပြီး အာရှဒေသကို စစ်ရေးအရ ဝိုင်းပတ်ထိန်းချုပ်ထားချင်တာ မဟုတ်လား'

'ဩော် ... ဒါကြောင့်ကိုး'

'နိုင်ငံရေးသမားဟောင်းကြီးတွေဆိုတဲ့ ပုဂ္ဂိုလ်တချို့ကလဲ တပ်မတော်အစိုးရရယ်၊ NLD ရယ်၊ တိုင်းရင်းသား အဖွဲ့တွေရယ် သုံးပွင့်ဆိုင်ဆွေးနွေးကြဖို့ ပြောဆိုနေကြတာတွေ ရှိတယ်'

'အေးလေ သာမန်ကြည့်ရင် ရိုးရိုးသားသားနဲ့ အကြံပေးပြောဆိုတယ်လို့ ထင်ရပါတယ်။ ဒါပေမယ့် တစ်ဖက်က ပြန်ကြည့်ရင် ကျယ်ကျယ်ပြန့်ပြန့်နဲ့ ကျင်းပနေတဲ့ အမျိုးသားညီလာခံကို သွယ်ဝိုက်ပြီး အသိအမှတ်မပြုဆန့်ကျင်တဲ့ သဘောကို ဆောင်နေတယ်'

'ပါတီတစ်ဖွဲ့၊ ပုဂ္ဂိုလ်တစ်ဦးရဲ့ အရေးကိုပဲ ရှေ့တန်းတင်တဲ့သဘောပဲလို့ ဆိုနိုင်ပါတယ်'

'ပြီးခဲ့တဲ့ အမျိုးသားညီလာခံမှာ ကိုယ်စားလှယ်ပေါင်း ၁၀၈၆ ဦးရှိတယ်။ အဲဒီကိုယ်စားလှယ်တွေထဲမှာ ပြည်နယ်၊ တိုင်း အသီးသီးမှ မြို့နယ်အားလုံးကို ကိုယ်စားပြုတဲ့ တိုင်းရင်းသားလူမျိုးများ အားလုံးရဲ့ ကိုယ်စားလှယ်တွေက ၆၀၀ ကျော်ပါတယ်။ အလုပ်သမား၊ လယ်သမားကိုယ်စားလှယ်တွေပါတယ်။ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ တရားရေးဆိုင်ရာတွေမှာ အတွေ့အကြုံ ရင့်ကျက်ကျွမ်းကျင်သူ အတတ်ပညာရှင်၊ အသိပညာရှင်တွေနဲ့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်တွေပါတယ်။ တရားဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်တွေပါတယ်။ ရွေးကောက်ပွဲမှာ ရွေးချယ်ခံထားရတဲ့ ကိုယ်စားလှယ်တွေပါတယ်။ အထူးခြားဆုံးက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြတဲ့ တိုင်းရင်းသားကိုယ်စားလှယ်တွေလဲပါတယ်။ အားလုံး အစုအဖွဲ့ ရှစ်ဖွဲ့ရှိတယ်။ လူတန်းစား အလွှာအသီးသီးမှ ကိုယ်စားလှယ်များနဲ့ တိုင်းရင်းသားမျိုးစုံ ကိုယ်စားလှယ်များအားလုံး အစုံအလင်ဆုံးပါဝင်တဲ့ ညီလာခံကြီးပဲ'

'ဖေဖော်ဝါရီလ ၁ရက်နေ့ သတင်းစာရှင်းလင်းပွဲမှာ ပြန်ကြားရေးဝန်ကြီးက ယခင်အမျိုးသားညီလာခံများမှာ လုပ်ဆောင်ပြီးစီးခဲ့မှုတွေကို အတိုချုပ် ရှင်းပြထားတယ်။ အခုကျင်းပမယ့် ညီလာခံအတွက်လဲ မေလ ၁၇ရက်မှ ဇူလိုင်လ ၉ရက်နေ့အထိ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံကို တက်ရောက်ခဲ့ကြတဲ့ ကိုယ်စားလှယ် စာရင်းအတိုင်း ဖိတ်ကြားခဲ့ပြီးကြောင်းနဲ့ အစုအဖွဲ့လိုက် အင်အားတွေကိုပါ ဖော်ပြ ရှင်းလင်းထားတယ်'

'ဒါကြောင့် အခု အမျိုးသားညီလာခံဟာ မြန်မာ့သမိုင်းတစ်လျှောက် ကျင်းပခဲ့ဖူးသော အမျိုးသားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေး ညှိနှိုင်းမှုများအနက် အကျယ်ပြန့်ဆုံး၊ အမြင့်မားဆုံးညီလာခံကြီးဖြစ်တယ် ဆိုတာ ထင်ရှားပါတယ်'

'သုံးပွင့်ဆိုင် ဆွေးနွေးပွဲထက် ပိုမိုကျယ်ပြန့် မြင့်မားပြီး တစ်မျိုးသားလုံးအရေးကို ဆွေးနွေးတိုင်ပင် ညှိနှိုင်းဆုံးဖြတ်ကြမှာမို့ အမျိုးသားညီလာခံသည်သာ စစ်မှန်သော ညီလာခံဖြစ်တယ်။ အနာဂတ် နိုင်ငံအတွက် အရေးကြီးဆုံးသော ညီလာခံလဲ ဖြစ်တယ်'

'ညီလာခံက အတည်ပြုဆုံးဖြတ်ကြမယ့် အခြေခံမူတွေ၊ အသေးစိတ် အခြေခံရမယ့် မူတွေအတိုင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြမယ်။ ရေးဆွဲပြီးရင် ပြည်သူလူထုထံကိုချပြပြီး ဆန္ဒခံယူမယ်။ ပြည်သူလူထုက ထောက်ခံတယ်ဆိုမှ အတည်ပြုမှာဖြစ်တဲ့အတွက် ဒီမိုကရေစီအကျဆုံး လုပ်ဆောင်နေမှုပဲလို့ ဆိုရမှာပါ'

'အေးကွာ၊ ဒါကြောင့် အခုမြန်မာပြည်အနှံ့ မြို့နယ်တွေမှာ ထောက်ခံပွဲတွေ ကျင်းပနေကြတာ အားရစရာပါပဲကွာ။ တို့လဲ ကြိုဆိုထောက်ခံရမှာပဲ'

'တို့တွင်ဘယ်ကမလဲ၊ နိုင်ငံအကျိုးအတွက် အမှန်လိုလားသူများ အားလုံး ကလဲ ထောက်ခံကြရမှာပဲ မဟုတ်လား။ ထောက်ခံရင်းနှင့်အတူ အဖျက်သမား တို့ရဲ့ အဖျက်အမှောင့်လုပ်ငန်းတွေကိုလဲ မျက်ခြည်မပြတ် သတိရှိကြ၊ ကြိုတင် ဖော်ထုတ် ကာကွယ်တားဆီးကြရမှာပေါ့ကွာ'

'မှန်တာပေါ့ကွာ' ။ ။

ဆင်းရဲနွမ်းပါးမှုပပျောက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များ ဆက်လက်လုပ်ကိုင်သွားမည်ဟု ထိုင်းဝန်ကြီးချုပ် ကတိပေးပြောကြား

ဗန်ကောက် ဖေဖော်ဝါရီ ၁၅

မိမိ၏သက်တမ်းသစ်အတွင်း ခိုင်မာသောလုပ်ငန်းများကို အကောင်အထည်ဖော်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးလုပ်ဆောင်ချက်ကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်ထရာက ကတိပြုလိုက်သည်ဟု နေးရှင်းသတင်းစာတွင် တနင်္ဂနွေနေ့၌ ရေးသားဖော်ပြလိုက်သည်။

ပြီးခဲ့သည့် သတင်းပတ်၌ ပြုလုပ်ခဲ့သော ရွေးကောက်ပွဲအပြီး၌ ရေဒီယိုမှနေ၍ ပထမဆုံးမိန့်ခွန်းပြောရာတွင် ရှင်နာဝပ်ထရာက ထိုသို့ ကတိပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ဆင်းရဲနွမ်းပါးမှုနှင့် ဆိုင်သော စုပေါင်းအစီအစဉ်တစ်ရပ်အတွက် နောက်ဆက်တွဲရ သုံးငွေဘတ် ၅၀ ဘီလီယံ ရရှိအောင် ဧပြီလတွင် မိမိတွန်းအားပေးသွားမည်ဖြစ်ကြောင်း ရေဒီယိုမှ မိန့်ခွန်းပြောကြားရာတွင် သက်ဆင်ရှင်နာဝပ်ထရာက ပြောကြားသည်ဟု နေရှင်းသတင်းစာက ကိုးကားရေးသားလိုက်သည်။ ထိုင်းနိုင်ငံ၌ ရွေးကောက်ပွဲပြီးသည့်နောက်ပိုင်းတွင် ဝန်ကြီးချုပ်က မိမိသည် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အေဂျင်စီများနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဆင်းရဲနွမ်းပါးသည့် မိသားစုများ၏ လိုအပ်ချက်များကို ကြားသိစေရန် ထိုမိသားစုများထံ သွားရောက်လည်ပတ်ခဲ့ကြောင်း ပြောကြားသည်။

ကြီးကြပ်မည်

ဆင်းရဲနွမ်းပါးမှုကို မည်သို့ပပျောက်အောင် ဆောင်ရွက်မည်ကို စံနမူနာ တစ်ရပ်သတ်မှတ်ရာတွင် မိသားစုများ၏ လူနေမှုအဆင့်အတန်းတိုးတက်စေရေး ရည်ရွယ်သည့် လုပ်ငန်းဆောင်ရွက်မှုများကို မိမိကြီးကြပ်သွားမည်ဖြစ်ကြောင်း သက်ဆင်က

ဆောင်ရွက်ခဲ့

လွန်ခဲ့သည့် လေးနှစ်အတွင်း အောက်ခြေလူတန်းစားများ၏ လူနေမှုအဆင့် တိုးတက်စေရန် ရည်ရွယ်သည့် စီမံကိန်းအများအပြားကို သက်ဆင်၏ အစိုးရအဖွဲ့က ဆောင်ရွက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံခြား သတင်းများ

အမိမြေကို ကာကွယ်ရန်ဆုံးဖြတ်ထား အီရန်ကို ကန်တို့ တိုက်လျှင်အမှားကြီးမှားမည်

ဟာဗားနား ဖေဖော်ဝါရီ ၁၄

အီရန်နိုင်ငံကို တိုက်ခိုက်မှုများ ပြုလုပ်လာလျှင် အမေရိကန်တို့အနေဖြင့် ကြီးမားသော အမှားတစ်ခုကို ပြုလုပ်ခြင်းပင်ဖြစ်ပြီး အီရန်ပြည်သူများအနေဖြင့် အမိမြေကို အကာအကွယ်ပေးရန် ဆုံးဖြတ်ထားကြကြောင်း အီရန် သံတမန်တစ်ဦးက စနေနေ့တွင် သတိပေးပြောကြားလိုက်သည်။

အီရန်နိုင်ငံ၏ လက်နက် စွမ်းပကားနှင့် ပြင်းထန်သော စိတ်ဓာတ်တို့ကြောင့် အမေရိကန်တို့ ထောင်ချောက်အတွင်း သက်ဆင်းသလို ဖြစ်ကြရမည်ဖြစ်ကြောင်း ကျူးဘားနိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီး အာမတ်အီဒရီဆင်က အီရန်နိုင်ငံ၏ အစ္စလာမ္မစ် လွတ်မြောက်ရေး (၂၆)နှစ်မြောက်နှစ်ပတ်လည်အခမ်းအနား၌ ပြောကြားလိုက်သည်။

ဆန့်ကျင်ခဲ့

ယခုနှစ်များတွင် အမေရိကန်၏ ခြိမ်းခြောက်မှုများနှင့် စိတ်ဓာတ်ရေးရာ စစ်ပွဲတစ်ရပ်ဖြင့် ဖိအားပေးကာ ဝါရှင်တန်နှင့် နျူကလီးယားလက်နက်ကိစ္စနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေး ဖိအားပေးမှုများကို တီဟီရန်က ပြင်းထန်စွာ ဆန့်ကျင်ခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ အဆိုပါ သံအမတ်ကြီးက ပြောကြားသည်။

အီရန်နိုင်ငံအနေဖြင့် နျူကလီးယား၏ အကျိုးတရားကို အီရန်ပြည်သူများအတွက် ကျိုးကြောင်းဆီလျော်စွာ အသုံးပြုမည်ဖြစ်ပြီး၊ နျူကလီးယားစွမ်းအင်ကို အခြားနိုင်ငံများကဲ့သို့ပင် ငြိမ်းချမ်းရေးအတွက် အသုံးပြုမည်ဖြစ်ကြောင်း အီရန်သံအမတ်ကြီး၏ မှတ်ချက်တွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မီးခိုးထုတ်လွှတ်သည့် အဆင့်လျော့ကျရေး အီတလီ၌ ခြေကျင်လျှောက်၊ စက်ဘီးစီးကြ

ရောမ ဖေဖော်ဝါရီ ၁၄

မီးခိုးထုတ်လွှတ်သည့် အဆင့်လျော့ကျစေရန် ကြိုးပမ်းရာတွင် ကားများနှင့် အပေါ့စား မော်တော်ဆိုင်ကယ်များကို အာဏာပိုင်များက ပိတ်ပင် တားမြစ်ခဲ့သဖြင့် ရောမမြို့ အပါအဝင် အဓိက မြို့ကြီးခုနစ်မြို့တွင် အီတလီလူမျိုးများသည် ခြေကျင်လျှောက်၍ လည်းကောင်း၊ စက်ဘီးများ စီးနင်း၍ လည်းကောင်း ခရီးသွားခဲ့ကြသည်။

အီတလီမြို့ကြီး အများအပြားသည် ဥရောပသမဂ္ဂက ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းချက်များအရ မီးခိုးထုတ်လွှတ်မှုအတွက် နှစ်စဉ်ကန့်သတ်ချက် အဆင့်အနီးသို့ ချဉ်းကပ်လာချိန်တွင် ထိုကဲ့သို့ မီးခိုးထုတ်လွှတ်မှု အဆင့်လျော့ကျရေး လုပ်ဆောင်ချက်ကို အဆင့်မြှင့်တင်ခဲ့ခြင်းဖြစ်သည်။

အီတလီနိုင်ငံရှိ မြို့တော်တိုင်းသည် တစ်နှစ်လျှင် ရက်၃၃၀ ထက်မနည်းအတွက် လေထုထဲသို့ မီးခိုးထုတ်လွှတ်မှု သတ်မှတ်အဆင့် အောက်ရှိစေရန် မဖြစ်မနေ ဆောင်ရွက်ကြရသည်။ ထိုသို့ဆိုသော်လည်း အီတလီနိုင်ငံ၏ မြို့ကြီးပြကြီး အချို့သည် ဖေဖော်ဝါရီလ အစောပိုင်းတွင် ထိုသတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိပုံ မရဟုဆိုသည်။

မီလန်မြို့မှာ မီးခိုးထုတ်လွှတ်မှု နှစ်စဉ် ကန့်သတ်ချက်နီးပါးအထိ ရောက်ရှိနေပြီဖြစ်ရာ ဖေဖော်ဝါရီ ၉ရက်အထိ ၃၄ရက်ကာလအတွင်း အီးယူ သတ်မှတ်ချက်အဆင့်ကို ကျော်လွန်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ တူရင် အပါအဝင် အခြားမြို့ကြီးများ ကန့်သတ်ချက်ကို ကျော်လွန်ခဲ့ပြီး ဖြစ်သည်ဟု ဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

ခင်းကျင်းပြသ

ပြင်သစ်နိုင်ငံ အရှေ့တောင်ပိုင်းရှိ ကင်နက်စ်မြို့တွင် ကမ္ဘာ့ဆက်သွယ်ရေး ကုန်စည်ပြပွဲတစ်ရပ်၌ ခင်းကျင်းပြသထားသော မိုဘိုင်းလ်ဖုန်းသစ်များကို ဖေဖော်ဝါရီ ၁၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်နှင့် ဂျပန်မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်မည်

မနီလာ ဖေဖော်ဝါရီ ၁၄

ဖိလစ်ပိုင်နှင့် ဂျပန်နိုင်ငံတို့သည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ မူးယစ်ဆေးဝါးမှောင်ခိုသည့် သတင်းများ အပြန်အလှန် ဖလှယ်ကြမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းစာက တနင်္ဂနွေနေ့၌ ဖော်ပြသည်။

ဂျပန်နိုင်ငံနှင့် တရားမဝင် မူးယစ်ဆေးဝါးအပေါ် သတင်းဖလှယ်ရန် သဘောတူညီထားကြောင်း ဖိလစ်ပိုင်အမျိုးသားစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ရေနယ်ဒိုပိုင်ကိုကို၏ ပြောကြားချက်ကို ဖိလစ်ပိုင်စတား သတင်းစာက ဖော်ပြသည်။ ဖိလစ်ပိုင်နိုင်ငံ၏ ပထဝီဆိုင်ရာ ဆက်စပ်နေမှုသည် ဂျပန်နိုင်ငံနှင့် ၂၀၀၃ခုနှစ်က တရားမဝင် မူးယစ်ဆေးဝါးစက်ရုံများ နှိမ်နင်းဖော်ထုတ်နိုင်ခဲ့ကြောင်း၊ တရားမဝင် မူးယစ်ဆေးဝါးများ ဂျပန်တွင် မရရှိနိုင်တော့ကြောင်း ပိုင်ကိုကိုက ၎င်းသတင်းစာကို ပြောကြားသည်။ ဂျပန်တာဝန်ရှိသူများသည် ဂျပန်နိုင်ငံတွင်းသို့ မူးယစ်ဆေးဝါး မှောင်ခိုတင်သွင်းရန် ကြိုးပမ်းသည့်သတင်းများကို ဖလှယ်နိုင်မည်ဟု မျှော်လင့်ကြောင်း ပိုင်ကိုကိုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တန်ဇန်းနီးယား ပြည်သူ ၉၀ ရာခိုင်နှုန်း အေအိုင်ဒီအက်စ် ကူးစက်မှုကင်းဝေး

ဒါအက်ဆလမ် ဖေဖော်ဝါရီ ၁၄

တန်ဇန်းနီးယား လူဦးရေ၏ ၉၀ ရာခိုင်နှုန်းသည် အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ကင်းမဲ့ကြောင်း အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် အထူးတိုက်ဖျက်ရေး ကြေညာချက်တစ်ရပ်ကို စနေနေ့က ထုတ်ပြန်သည်။

တန်ဇန်းနီးယားပြည်သူအများစုသည် ယင်းရောဂါကူးစက်ခြင်း ခံရခြင်းမရှိကြောင်း တန်ဇန်းနီးယားကျန်းမာရေးဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာ အရာရှိဟောင်း အေဒယ်လင်းရင်မန်ဘိုက ပြောကြားသည်။

ကြိုတင်သတိပေး

သို့ရာတွင် အေအိုင်ဒီအက်စ်အထူးတိုက်ဖျက်ရေးအဖွဲ့သည် ပြည်သူများအား ယင်းရောဂါ ပျံ့နှံ့မှုမရှိစေရန် လုံခြုံဘေးကင်းစေရေးအတွက် ကြိုတင်သတိပေးမှုများ ဆောင်ရွက်ခဲ့သည်။

ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ပြည်သူများသည် ယင်းတို့၏ အခြေအနေ အဆင့်အတန်းကို နားလည်သဘောပေါက်ရန် လိုအပ်ကြောင်း၊ အကောင်းဆုံး စစ်ဆေးမှုခံယူခြင်းသည် ရောဂါကူးစက်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့စစ်ဆေးမှုခံယူခြင်း ဗျူဟာသည် ၉၀ ရာခိုင်နှုန်းသော ပြည်သူများကို အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ကင်းဝေးစေခြင်းဖြစ်ကြောင်း အဆိုပါ အထူးဆေးပညာရှင်များအဖွဲ့က ပြောကြားသည်။

ဖော်ပြ

တန်ဇန်းနီးယားနိုင်ငံတွင် အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဖြစ်ပွားသူ နှစ်သန်းခန့်ရှိကြောင်း၊ တစ်နှစ်လျှင် ပျမ်းမျှ ၁၄၀၀၀၀ခန့် ယင်းရောဂါကူးဆက်ခံနေကြရကြောင်း စာရင်းဇယားများက ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဂျာမနီနိုင်ငံ ရုဖ်ဘာ့ဂ်မြို့တွင် ဖောက်စ်ဝက်ဂွန် မော်တော်ယာဉ်ထုတ်လုပ်သည့် စက်ရုံ၌ ဝန်ထမ်းများ လုပ်ငန်းခွင်ဝင်နေကြသည်ကို ဖေဖော်ဝါရီ ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)

ဗင်နီဇွဲလားသို့ လက်နက်ရောင်းချမည့် ရုရှားနိုင်ငံ၏အစီအစဉ် အမေရိကန် ကန့်ကွက်မှုကို ရုရှားအရာရှိများငြင်းပယ်

မော်စကို ဖေဖော်ဝါရီ ၁၄

ဗင်နီဇွဲလားနိုင်ငံသို့ မောင်းပြန်ရိုင်ဖယ်များနှင့် ရဟတ်ယာဉ်များကို ရုရှားနိုင်ငံက ရောင်းချမည့်အစီအစဉ်အား အမေရိကန်ပြည်ထောင်စုက ကန့်ကွက်ခြင်းကို သောကြာနေ့တွင် ရုရှားအရာရှိများက ငြင်းပယ်လိုက်သည်။

အဆိုပါ မောင်းပြန်လက်နက်များနှင့် ရဟတ်ယာဉ်များသည် ဒေသအတွင်းရှိ လက်ဝဲဝါဒီပြောက်ကျားများလက်သို့ ရောက်ရှိမည်ကို အမေရိကန်ပြည်ထောင်စုက စိုးရိမ်ကြောင်းအမေရိကန်နိုင်ငံခြားရေးဌာနပြောခွင့်ရှိသူ လူဖင်တန်က ကြာသပတေးနေ့၌ ပြောကြားခဲ့သည်။

ဖော်ပြ

အမေရိကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရှိသူ၏ စိုးရိမ်ကြောင့်ကြမှုများကြောင့် ရုရှားနိုင်ငံသည် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရကြောင်း အမည်မဖော်သူ နိုင်ငံခြားရေးဝန်ကြီးဌာနအရာရှိတစ်ဦး၏ ပြောကြားချက်ကို အင်တာဖက်သတင်းဌာနက ကိုးကားဖော်ပြခဲ့သည်။

ဝယ်ယူရေး

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ယမန်နှစ်၌ ကြေညာခဲ့သည့် လက်နက် အရောင်းအဝယ် သဘောတူစာချုပ်အရ မောင်းပြန်သေနတ်များနှင့် ရဟတ်ယာဉ်များ ဝယ်ယူမှုအပြင် ဗင်နီဇွဲလားနိုင်ငံ၏ အက်ဖ် ၁၆တိုက်လေယာဉ်များကိုအစားထိုးရန်အတွက် ရုရှား၏မစ် ၂၉ တိုက်လေယာဉ်များ ဝယ်ယူရေးကိုလည်း ဗင်နီဇွဲလားနိုင်ငံက ချင့်ချိန်လျက်ရှိကြောင်း သိရသည်။

ရောင်းချ

ရုရှားနိုင်ငံသည် ၂၀၀၃နှင့်၂၀၀၄ ခုနှစ်များ၌ လက်နက်များကို စံချိန်တင်ရောင်းချခဲ့ရာတွင် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးဘီလီယံဖိုးမျှ အများဆုံးရောင်းချခဲ့ပြီး အမေရိကန်ပြည်ထောင်စုပြီးလျှင် ကမ္ဘာ၌ဒုတိယအများဆုံးလက်နက်ရောင်းချသည့် နိုင်ငံဖြစ်သည်။ ရုရှားနိုင်ငံက ရောင်းချသည့် လက်နက်များ၏ ၈၀ ရာခိုင်နှုန်းကို အိန္ဒိယနှင့်တရုတ်သို့ ရောင်းချခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အိန္ဒိယအခြေစိုက် ရိုက်တာသတင်းထောက် အာကိုဒက်တာ ရိုက်ကူးထားသည့် ၂၀၀၄ ခုနှစ် အကောင်းဆုံး သတင်းဓာတ်ပုံဆု ရရှိသွားသည့် အာရှဆူနာမီတွင် သေဆုံးခဲ့သော ဆွေမျိုးသားချင်းတစ်ဦးအတွက် ပူဆွေးသောကရောက်ကာ ငိုကြွေးနေသော အမျိုးသမီးတစ်ဦး၏ ဓာတ်ပုံကို ဖေဖော်ဝါရီ ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အာရှဆူနာမီတွင် ပူဆွေးငိုကြွေးနေသော အမျိုးသမီး၏ဓာတ်ပုံ ၂၀၀၄ ကမ္ဘာ့သတင်းဓာတ်ပုံ အကောင်းဆုံးဆုဆွတ်ခူးရရှိ

အမ်စတာဒမ် ဖေဖော်ဝါရီ ၁၄

အာရှဆူနာမီတွင် သေဆုံးခဲ့သော ဆွေမျိုးသားချင်းတစ်ဦးအတွက် ပူဆွေးသောကရောက်ကာ ငိုကြွေးနေသော အမျိုးသမီးတစ်ဦး၏ ပုံကိုရိုက်ကူးဖော်ပြခဲ့သော ရိုက်တာသတင်းဓာတ်ပုံသည် သောကြာနေ့က ချီးမြှင့်သည့် ၂၀၀၄ခုနှစ် ကမ္ဘာ့သတင်းဓာတ်ပုံပြိုင်ပွဲတွင် အကောင်းဆုံးဆုကို ဆွတ်ခူးရရှိသွားသည်။

ရိုက်ကူး

အဆိုပါသတင်းဓာတ်ပုံကို ဒီဇင်ဘာ ၂၈ရက်၌ တမီလ်နာဒူပြည်နယ်တွင် အိန္ဒိယဓာတ်ပုံဆရာ အာကိုဒက်တာက ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး ဓာတ်ပုံမှာ လက်ဖဝါးကိုလှန်လျက် အမျိုးသမီးတစ်ဦးသည် သဲသောင်ပြင်၌ ဝပ်ကာအော်ဟစ်ငိုကြွေးမြည်တမ်းနေသည့်ပုံ ဖြစ်သည်။ပုံ၏အစွန်းတစ်ဖက်၌ သေဆုံးသူ၏ လက်တစ်ဖက်ပါအောင် ရိုက်ကူးထားသည်။

ရွေးချယ်

ယင်းသတင်းဓာတ်ပုံကို အကောင်းဆုံးဆုအတွက် ရွေးချယ်ရေးအဖွဲ့ဝင် ၁၃ဦးက တညီတညွတ်တည်း ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌဖြစ်သူ အာဂျင်တီးနားဓာတ်ပုံဆရာ ဒီဂိုဂိုးလ်ဘာ့ဂ်က ပြောကြားသည်။

အဆိုပါ ၂၀၀၄ခုနှစ် ကမ္ဘာ့သတင်းဓာတ်ပုံပြိုင်ပွဲသို့ နိုင်ငံ ၁၂၃နိုင်ငံမှ ဓာတ်ပုံဆရာ ၄၂၆၆ဦးက ဓာတ်ပုံပေါင်း ၆၉၁၉၀ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခဲ့ကြပြီး ယင်းဓာတ်ပုံများအနက်မှ ဒက်တာရိုက်ကူးခဲ့သည့် သတင်းဓာတ်ပုံကို အကောင်းဆုံးဆု ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

တရုတ်နိုင်ငံ၌ အလိုလားအနှစ်သက်ဆုံး အသက်မွေးဝမ်းကျောင်းလုပ်ငန်း အရောင်းစျေးသည်လုပ်ငန်းဖြစ်

ပေကျင်း ဖေဖော်ဝါရီ ၁၄

တရုတ်နိုင်ငံတွင် အရောင်းစျေးသည်များသည် အလိုလားအနှစ်သက်ဆုံး အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းဖြစ်ပြီး မော်တော်ယာဉ် မောင်းနှင်သည့် အသက်မွေးမှုလုပ်ငန်းမှာ မလုပ်ချင်ဆုံးသော အသက်မွေးမှုလုပ်ငန်းဖြစ်ကြောင်း အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနက မကြာမီက ပြုလုပ်ခဲ့သည့် လေ့လာဆန်းစစ်ချက်အရ သိရသည်။

နည်းပါး

စက်ချုပ်လုပ်ခြင်းနှင့် အဝတ်အစားထုတ်လုပ်မှု၌ ကျွမ်းကျင်သူများသည်လည်း လိုလားနှစ်သက်ဆုံး အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းစာရင်း၌ပါဝင်ပြီး စျေးဆိုင်အကူများ၊ ငွေကိုင်များနှင့် စာရင်းစစ်အသက်မွေးမှုလုပ်ငန်းများသည် လုပ်ကိုင်လိုသူနည်းပါးကြောင်း သိရသည်။

ယခုစူးစမ်းလေ့လာမှုကို ပေကျင်း၊ ရှန်ဟိုင်း၊ ချွန်ကင်း၊ ရှန်ယန်၊ ကျီနန်၊ နန်ကျင်း၊ ဝူဟန်၊ စီအန်၊ ဖူကျို့နှင့်ချန်ဂျူမြို့များတွင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကွမ်ကျိုးမြို့တွင် တောင်းရမ်းစားသောက်သူများ ကင်းမဲ့စေမည်

ကွမ်ကျိုး ဖေဖော်ဝါရီ ၁၄

တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်၏ မြို့တော်ဖြစ်ပြီး တရုတ်နိုင်ငံ၏ စီးပွားရေးအချက်အချာကျရာမြို့ဖြစ်သော ကွမ်ကျိုးမြို့တော်သည် ယင်း၏ပုံရိပ်သွင် တိုးတက်စေရေးအတွက် အထောက်အကူဖြစ်စေရန် အစိုးရနှင့် ပါတီအဖွဲ့အစည်းများရှိရာ ကွမ်ကျိုး မြို့လယ်ကောင်နှင့် ခရိုင်များတွင် တောင်းရမ်းစားသောက်သူ ကင်းမဲ့ရာ ဒေသများထူထောင်ရန် စီစဉ်ထားကြောင်းသိရသည်။

ထူထောင်မည်

ထိုအတောအတွင်း ဒေသအုပ်ချုပ်ရေးအဖွဲ့က ကွမ်ကျိုးမြို့ရှိ တောင်းရမ်းစားသောက်သူများကို လိုအပ်သည့် အကူအညီများပေးရန် အထူးအဖွဲ့အစည်းတစ်ရပ်ကို ထူထောင်သွားမည် ဖြစ်သည်ဟုဆိုသည်။ ရောဂါရှိသော တောင်းရမ်းစားသောက်သူများကိုလည်း အခမဲ့ဆေးဝါးကုသပေးမည်ဟု ဒေသအုပ်ချုပ်ရေးအဖွဲ့အရာရှိတစ်ဦးက ပြောကြားသည်။

လက်ရှိအနေအထားတွင် တောင်းရမ်းစားသောက်သူအရေအတွက် ကြီးထွားလာခြင်းသည် လူမှုတည်ငြိမ်ရေးကို ခြိမ်းခြောက်သည့်အနေအထားဖြစ်ပြီး ဒေသနေမြို့လူထု၏ လုံခြုံရေးကိုထိခိုက်စေသည်ဟု အဆိုပါအရာရှိက ပြောကြားသည်။

ထူပြောလာ

ကွမ်ကျိုးမြို့၏ စီးပွားရေးအခြေအနေသည် လျင်မြန်စွာ တိုးတက်လာနေပြီး ရာသီဥတုမှာလည်း ပူနွေးသည်ဖြစ်ရာ မကြာမီနှစ်များအတွင်း၌ တောင်းရမ်းစားသောက်သူများအတွက် အခြေချနေထိုင်စရာကောင်းသော မြို့ဖြစ်လာခဲ့ပြီး တောင်းရမ်းစားသောက်သူ ထူပြောလာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့ နိုင်ငံဖြတ်ကျော် ဘတ်စ်ကားပြေးဆွဲမည်

ပေဟိုင်း(ကွမ်စီ) ဖေဖော်ဝါရီ ၁၄

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီဇောင်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသရှိ ပေဟိုင်းမြို့နှင့် ဗီယက်နမ်နိုင်ငံ ဟာလွန်မြို့သို့ နိုင်ငံဖြတ်ကျော် ဘတ်စ်ကားပြေးဆွဲမည့် အစီအစဉ်ကို ယခုမတ်လ၌ စတင်မည်ဖြစ်ကြောင်း နှစ်နိုင်ငံမြို့ကြီးနှစ်မြို့၏ အုပ်ချုပ်ရေးအဖွဲ့များ သဘောတူစာချုပ်အရ သိရှိရသည်။

လမ်းအရှည်

ခရီးသွားလုပ်ငန်း မြို့ကြီးနှစ်မြို့သို့ ဆက်သွယ်မည့် အဆိုပါလမ်းမကြီး၏ အရှည်မှာ ကီလိုမီတာ ၄၀၀ ရှိသည်။

ဆိပ်ကမ်းမြို့

ပင်လယ်ဥယျာဉ်ဟုခေါ်သော ပေဟိုင်းမြို့သည် အရှေ့တောင်အာရှ၊ အနောက်အာရှနှင့် ဥရောပသို့ အနီးဆုံး တရုတ်နိုင်ငံရှိ ဆိပ်ကမ်းမြို့ဖြစ်သည်။

အသိအမှတ်ပြု

ဟာလွန်သည် ဟာလွန်ပင်လယ်အော်၌ရှိပြီး ၁၉၉၅ ခုနှစ်၌ ယူနက်စ်ကိုက သဘာဝကမ္ဘာ့ အမွေအနှစ်ဒေသအဖြစ် အသိအမှတ်ပြုခံခဲ့ရပြီး ၂၀၀၀ ပြည့်နှစ်၌ ဘူမိဗေဒဆိုင်ရာ ကမ္ဘာ့အမွေ အနှစ်ဒေသအဖြစ် အသိအမှတ်ပြုခံခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့တောင်ဘက်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဖေဖော်ဝါရီ ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဖေဖော်ဝါရီ ၁၄ရက်အထိ အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၄၆၃ ဦး ရှိပြီ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၅

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်ကစတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။

ဖေဖော်ဝါရီ ၁၄ ရက် တနင်္လာနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၄၆၃ ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၁၁၁၃ ဦးမှာ တိုက်ပွဲ၌သေဆုံးခဲ့ကြသည်။

ထို့အပြင် အီရတ်နိုင်ငံ၌ အခြား တပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၈၆ ဦး၊ အီတလီ ၂၀၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၆ဦး၊ ယူကရိန်း ၁၈ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် ကာဇက်ကစ္စတန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သောအမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၁၃၂၅ ဖြစ်ပြီး ယင်းအနက် ၁၀၀၄ဦးမှာ တိုက်ပွဲ၌ သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

(အင်တာနက်)

မြန်မာ့နိုင်ငံရေးဘဝ၏ ထာဝရအလှ ပင်လုံ

* ယနေ့ချိန်ခါ၊ မင်္ဂလာသည်
စဥ်လာကြီးမား၊ စည်းလုံးအားကြောင့်
တောင့်တင်းခိုင်မာ၊ ပြည်သာစေကြောင်း
လက်ခမောင်းခတ်၊ ကြွေးကြော်အပ်ပြီး
မြိုင်ရပ်ကိုနှင်၊ သင်ကုလားဖြူ နယ်ချဲ့သူ
"ဒို့များပိုင်နက်၊ ဒို့ပိုင်နက်မှ၊ ခုပင်ထွက်သွား"
တိုင်းရင်းသားတို့၊ မချို့စိတ်ဝမ်း
တစ်တန်းစားတည်း၊ ကြီးမားကြွံခိုင်
မဏ္ဍိုင်စိုက်ထူ၊ စံနမူဖြင့်
အေးတူ ပူအမျှ၊ ဘဝနိုင်ငံရေး
အမျိုးသားရေးအား
ဦးထားပန်ဆင်၊ ပုံရိပ်သွင်သည်
အနှီ"ပင်လုံ သက်သေတည်"။

* မျက်မှောက်တစ်ခေတ်၊ နိုင်ငံသစ်၌
အနှစ် အကာ၊ ညီစွာ သမုဟ
ဘဝနိုင်ငံရေး၊ အမျိုးသားရေးအား
နှီးကြားအသိ၊ သတိလက်ယာ
ပညာလက်ဝဲ၊ ကိုင်စွဲရှေးရှု
ညီနောင်ထုတို့
"ပြည်ထောင်စုစိတ်ဓာတ်"၊ လွှမ်းပတ်မြန်မာ
ခိုင်မာလွင့်လူ၊ တံခွန်ထူလော့
ပြည်ထောင်စုမူ၊ နှလုံးတူဖြင့်
ကြည်ဖြူအမြဲ၊ မခွဲထာဝရ
တူနေကြလျက်
အလှကိုယ်စီ၊ ရှိကြသည်ကား
ရှေးပဝေဏီ၊ အတိတ်ဆီမှ
ကာလခုတိုင်၊ ယိမ်းမယိုင်တည့်။

* ဖေဖော်ဝါရီ ဆယ့်နှစ်ဆီက
ညွှန်ပြပုံရိပ်၊ ထိုအတိတ်သည်
နိမိတ်တဘောင်၊ ထွန်းပြောင်အနာဂတ်
ပုံဖော်အပ်၍၊ မလပ်သတိ
အသိနိုးကြား၊ ပြည်ထောင်ဖွားတို့
သွားစို့တူညီ၊ လှမ်း သည်ခရီး
အနီးပန်းတိုင်၊ ကြံ့ကြံ့ခိုင်လျက်
နိုင်ငံအသစ်တည်ဆောက်စို့။ ။

(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက်

ဗလမင်းထင်

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အဓိဋ္ဌာန်

စည်းလုံးခြင်းသည် အင်အား

"တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် မည်သို့သောအဖျက်အမှောင့်မှန်သမျှကိုမဆို တွန်းလှန်ချေမှုန်း၍ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့"

တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပုသိမ်လေဆိပ်ကြည့်ရှုစစ်ဆေး လုပ်ငန်းများအမြန်ဆုံးပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်း မအူပင်မြို့ မအူပင်တံတား ကမ်းပြိုမှုကာကွယ်ရေး လုပ်ငန်းခွင်ရုံးသို့ရောက်ရှိရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် ရေဘက်ဆိုင်ရာ အင်ဂျင်နီယာဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်သိန်းက ရေကြောင်းပြောင်းလဲမှုနှင့် ကမ်းထိန်းနံရံများ တည်ဆောက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဥ်း၍ ဝန်ကြီးက တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရန်နှင့် မြေထိန်းနံရံများ စနစ်တကျတည်ဆောက်ရန်တို့ကို မှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ပုသိမ်မြို့သို့ ရောက်ရှိပြီး ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီးတို့အား ပုသိမ်လေဆိပ်လုပ်ငန်းခွင် ရှင်းလင်းဆောင် မြေသားလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ရေနုတ်မြောင်းလုပ်ငန်းပြီးစီးမှု အခြေအနေ၊ လေယာဉ်ပြေးလမ်း အမှတ်အသားရေးဆွဲခြင်း၊ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အတိုင်းလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။ ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်လေဆိပ်၏ မြေသားလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ပုသိမ်တံတား တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရုံးသို့ရောက်ရှိလာပြီး ရေယာဉ်များ စနစ်တကျခုတ်မောင်းကြရန်နှင့် ခရီးသည်များဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေး၊ ဝင်ငွေတိုး၍ သုံးစွဲငွေနည်းနိုင်သမျှ နည်းအောင် ဆောင်ရွက်ကြရေး၊ ရေယာဉ်များ ကြံ့ခိုင်မှုရှိရေးတို့ကို မှာကြားသည်။

ရေရှည်တည်တံ့ခိုင်မြဲရေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဗိုလ်မြတ်ထွန်းတံတား ရေစားကမ်းပြိုမှုကာကွယ်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်၍ တံတားအောက်ခြေပတ်လည်၌ ရေကာတံတိုင်း တည်ဆောက်မှု၊ မြေထိန်းနံရံတည်ဆောက်မှုအခြေအနေ၊ သောင်တူးစက်ဖြင့် ရေကြောင်းရှင်းလင်းမှုအခြေအနေ၊ ရေကြောင်းပြအမှတ်အသားများထားရှိမှုအခြေအနေ၊ ဘိုးပိုင်များ တည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက နိုင်ငံတော်၏ စီမံကိန်းဝင်တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဒုတိယဝန်ကြီး သူရဦးသောင်းလွင် ရထားလုပ်ငန်းများနှင့် စက်ခေါင်းတွဲစက်ရုံများစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် အေးသာယာမြို့သစ် စက်မှုဇုန်ရှိ သံရည်ကျိုစက်ရုံ တည်ဆောက်ရေးစီမံကိန်းရုံး၌ သံနှင့် သံမဏိလုပ်ငန်းရှင်များအားတွေ့ဆုံကာ လက်ရှိထုတ်လုပ်လျက်ရှိသည့်သံနှင့်သံမဏိပစ္စည်းအမယ်များနှင့် ထုတ်လုပ်မှုပမာဏ၊ ဈေးကွက်နှင့်ကုန်ကြမ်းရရှိမှု အခြေအနေ၊ ရေရှည်ရည်မှန်းချက်၊ အရည်အသွေးတိုးမြှင့်ရေးအတွက် နည်းလမ်းများ၊ ဈေးကွက် ယှဉ်ပြိုင်နိုင်ရေးဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မြန်မာ့မီးရထား တိုင်းအမှတ်(၄) ကလောနယ်မြေသို့ ရောက်ရှိပြီး တိုင်းအရာရှိများနှင့် ကုန်းလမ်းပို့ဆောင်ရေး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့မှ ပြည်နယ်တာဝန်ခံများအား တွေ့ဆုံ၍ ဌာန၏ ရည်မှန်းချက်များ အောင်မြင်စေရန် အဆင့်ဆင့်တွန်းအားပေးဆောင်ရွက်ရေး မှာကြားသည်။

ပံ့ပိုးဖြည့်ဆည်းပေး

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၉ ရက် ညပိုင်းတွင် မြစ်ငယ် လူစီးနှင့် ကုန်တွဲစက်ရုံ၌ သတ်မှတ် ထုတ်လုပ်မှုများ ပြည့်မီကျော်လွန်ရေးအတွက် ဆောင်ရွက်နေသော ဝန်ထမ်းများအားအားပေးပြီး လေအေးစက်ပါဝင်သော အထက်တန်းအိပ်စင်၊ အထူးတွဲလေးတွဲကို ပြည်တွင်း ပစ္စည်းများနှင့် စက်ရုံများ၌ တီထွင်ထုတ်လုပ်ထားသည့် ပစ္စည်းများ အသုံးပြုတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ရထားသုံး အရန်ပစ္စည်းများ တိုးချဲ့ ထုတ်လုပ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရွာထောင်ဒီဇယ်စက်ခေါင်းစက်ရုံသို့ ရောက်ရှိကာ စက်ခေါင်းများ အကြီးတန်း ပြင်ဆင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းဆိပ်ကမ်းရှိမြန်မာ့သစ်လုပ်ငန်းဖောင်ဖွဲ့ရေးစခန်းသို့ ရောက်ရှိပြီး မြန်မာ့မီးရထားဖြင့် နိုင်ငံခြားပို့သစ်လုံးများ သယ်ယူပေးနေသည့် ကိစ္စများအတွက် လိုအပ်သည်များကို စီမံပေးသည်။ ဒုတိယဝန်ကြီးသည် ညနေပိုင်းတွင် မန္တလေးစက်မှုဇုန် ကနောင်ခန်းမ၌ စက်မှုဇုန်မှ တာဝန်ရှိသူများ၊ သံနှင့် သံမဏိလုပ်ငန်းရှင်များအား တွေ့ဆုံ၍ သွင်းကုန် အစားထိုးထုတ်လုပ်ရေး၊ ဈေးကွက်သစ်များရှာဖွေရေး၊ အဆင့်မီတွင်ခုံများထုတ်လုပ်ရေးနှင့် သံနှင့် သံမဏိထုတ်လုပ်မှု ဖွံ့ဖြိုးရေးဆပ်ကော်မတီက ကူညီပံ့ပိုးနိုင်သည်များကို ရှင်းလင်းဆွေးနွေးသည်။

လမ်းပိုင်းတစ်လျှောက်

ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် မြန်မာ့မီးရထား တိုင်းအမှတ်(၃)မှ တာဝန်ရှိသူများနှင့်အတူ သံလမ်းပြေးယာဉ်ဖြင့် မန္တလေး-ပြင်ဦးလွင် လမ်းပိုင်းတစ်လျှောက် ရထားလုပ်ငန်းများကို စစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၅ ရက်က (၅၈) နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆက်လက်ပြသထားရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)

ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအသင်းက ကြီးမှူး၍ အထွေထွေရောဂါ/မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာစဉ်ဆက်မပြတ် တိုးတက်ရေးရည်သန်လျက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ဖေဖော်ဝါရီ ၂၃ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကင်းပညာရေးကောလိပ် ဆရာအတတ်ပညာဒီပလိုမာလက်မှတ်အပ်နှင်း ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းလေ့ကျင့်ရေးဦးစီးဌာန ရန်ကင်းပညာရေးကောလိပ် သတ္တမအကြိမ်မြောက် ဆရာအတတ်ပညာ ဒီပလိုမာလက်မှတ် အပ်နှင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါကောလိပ်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်ချီးမြှင့်သည်။

ထို့နောက် ရန်ကင်းပညာရေးကောလိပ် ကျောင်းအုပ်ကြီးက ဦးဆောင်၍ သင်တန်းသား သင်တန်းသူများသည် ဆရာများခံယူအပ်သော သစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြပြီး ကျောင်းအုပ်ကြီးက သင်တန်းသား သင်တန်းသူ တစ်ဦးချင်းသို့ ဆရာအတတ်ပညာ ဒီပလိုမာလက်မှတ်များ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးသန်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် အဖွဲ့သည် ရန်ကင်းပညာရေးကောလိပ်ရှိ Language Lab စာသင်ခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပညာရေးကောလိပ်တွင် တက်ရောက်သင်ယူသူ အားလုံးသည် ဆရာအဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်၍ Language Lab ၌ သင်ကြားသင်ယူမှု စွမ်းရည်မြင့်မားအောင် သင်ကြားပေးရန် ဝန်ကြီးက ဆွေးနွေးမှာကြားသည်။

အလားတူ လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာသင်တန်း အမှတ်စဉ်(၈/၀၃) ပထမနှစ် သင်တန်းဆင်းများအား ဆရာအတတ်သင်ပညာရေးလက်မှတ် ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကင်းပညာရေးကောလိပ်ခန်းမ၌ ကျင်းပရာ ရန်ကင်းပညာရေးကောလိပ် ကျောင်းအုပ်ကြီးက သင်တန်းဆင်း များအား ဆရာ အတတ်သင်ပညာရေးလက်မှတ်များ ပေးအပ်သည်။

ဆရာအတတ်ပညာ အရည်အသွေး မြင့်မားရေးအတွက် ပညာရေးကောလိပ် ၂၀ တွင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိရာ လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာသင်တန်း အမှတ်စဉ်(၇/၀၂) ဒုတိယနှစ် သင်တန်းဆင်း ၄၄၂၉ ဦးတို့အား ဆရာအတတ်ပညာ ဒီပလိုမာနှင့် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ သင်တန်း အမှတ်စဉ်(၈/၀၃) ပထမ နှစ်သင်တန်းဆင်း ၅၁၉၈ ဦးတို့အား ဆရာအတတ်သင်ပညာရေး လက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်ပြီး ဒုတိယနှစ်သင်တန်း အောင်မြင်ပြီးမြောက်သူများအနက် အရည်အချင်းပြည့်မီသူများသည်ပညာရေးတက္ကသိုလ်များတွင် ဖွင့်လှစ်သည့် ပညာရေးဘွဲ့သင်တန်းသို့ ပေါင်းကူးတက်ရောက်ကြမည်ဖြစ်ကြောင်းနှင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ လုပ်ငန်းခွင်အကြို ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းဆင်း ၉၆၂၇ ဦးအနက် ၃၉၈၆ ဦးသည် လုပ်ငန်းခွင်သို့ ဝင်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၏ (၅၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ကျင်းပသွားမည်ဖြစ်ရာ စေတီတော်ဂန္ဓကုဋိတိုက်အတွင်းရှိ မဟာဇိနိန္ဒဘော်ဆင်းတုတော်ကြီးအား ရွှေစင် ရွှေသားစစ်စစ်ဖြင့် ရွှေစလွယ်တော်၊ ရွှေဘယက်တော်နှင့် ရွှေပခုံးကာများ ကပ်လှူပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၇ နာရီတွင် (၅၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီခွဲတွင် စေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ကုသိုလ်ဒါနအစုစုတို့ကို ရေစက်ချအမျှပေးဝေပြီး နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ ဦးဆောင်၍ ပင့်သံဃာတော် ၁၀၈ ပါးနှင့် သီလရှင် ၃၁ ပါးတို့အား စေတီတော်ရင်ပြင်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများ ညွှန်ကြားရေးမှူးချုပ်စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

သစ်တောရေးရာ ဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းသည် မကွေးတိုင်း သရက်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဆင်ပေါင်ဝဲမြို့နယ် ဦးစီးအရာရှိတို့ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၃ ရက်တွင် သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် အတွင်းရှိ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး ၂၀၀၄–၂၀၀၅ ခုနှစ် ရေဝေရေလဲ စိုက်ခင်း ၆၉၅ ဧကနှင့် ၂၀၀၅–၂၀၀၆ ခုနှစ် စိုက်ပျိုးရန်လျာထားသည့် စိုက်ခင်းကျင်းတူးခြင်း၊ မြေပြုပြင်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တာဝန်ရှိဝန်ထမ်းများအား မိုးမကျမီ ယခင်နှစ်စိုက်ခင်းများကို ခါးဆွ၊ မြေတောင် မြှောက်ပေးရေး၊ စိုက်ခင်းများ မီးမလောင်အောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ လာမည့်နှစ် စိုက်ခင်းအတွက် မြေပြုပြင်ခြင်းနှင့် ကျင်းတူးခြင်းလုပ်ငန်းတို့ကို သတ်မှတ်ပုံစံ အရွယ်အစားအတိုင်း စနစ်တကျ တူးဖော်ရေး၊ ပျိုးပင်များကြံ့ခိုင်သန်စွမ်းမှုရှိစေရေးတို့ကို စနစ်တကျ စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်အပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၅ ရက်က လှိုင်မြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၃–၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် တက္ကသိုလ်ဝင်တန်း ငါးဘာသာဂုဏ်ထူးရှင် မချော သီရိဟန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းညွန့်က ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (က–ပ)

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့အင်အားဦးစီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ပြီးခဲ့သည့်လုပ်ငန်းဆောင်ရွက်မှု အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ပြီး အားနည်းချက်များလျော့နည်းအောင်၊ အားသာချက်များ ပိုမိုတိုးတက်အောင် စီမံချက်ချမှတ်ဆောင်ရွက်ရန် ညှိနှိုင်းလိုကြောင်း။

တက်တက်ကြွကြွလုပ်ဆောင်

ယနေ့နိုင်ငံတော်က ခံယူကျင့်သုံးနေသည့် မူဝါဒနှင့် ကြိုးပမ်းဆောင်ရွက်နေသော နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၏ အရေးပါမှုကို မျက်ခြည်မပြတ် မှတ်သားလေ့လာပြီး ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ လုပ်ဆောင်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော ပြည်နယ်၊တိုင်း၊ခရိုင်ဦးစီးဌာနမှူးများက မိမိတို့ပြည်နယ်၊တိုင်း၊ ခရိုင်အလိုက် ဆောင်ရွက်ခဲ့ကြသည့် လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ကြသည်။ ယင်းနောက် ဒုတိယဝန်ကြီး ဦးမောင်အောင်က နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ် တပို့တွဲလဆန်း ၈ ရက် (ဥပုသ်နေ့)

၁၆–၂–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀	၆။	အဆိုပြိုင်ပွဲ
၈:၂၀	၇။	ပိုင်ကျူရေထိန်းတံခါး
၈:၃၀	၈။	International News
၈:၄၅	၉။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Demonstration Exercises for Correct Pronunciation
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
၁၇:၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၅	၆။	သီချင်းကြီးပဒေသာ
၁၇:၃၀	၇။	ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၁၇:၄၀	၈။	**“ဈေးကွက်တံခါးခေါက်သံ”** မြင့်စိုင်းသားအောင်အောင်၊ စိန်ရိုး၊ အရှည်ကြီး၊ အုန်းသီး၊ ရွှေအေးကို၊ ကောင်းစျာန်သစ်၊ မိုးပြည့်ပြည့်မောင်၊ တင်တင်လှ (ဒါရိုက်တာ–ဇော်ဆက်)
၁၈:၀၀	၉။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၈:၁၀	၁၀။	Discovery
၁၈:၁၅	၁၁။	ဒီမိုကရေစီခေတ်ပြောင်းတော်လှန်ရေးရဲ့ အဖျက်အန္တရာယ်
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ (တတိယနေ့) ပိတ်ပွဲအခမ်းအနား အစီအစဉ်(၂) (၁၁–၁၂–၂၀၀၄)
၁၉:၃၀	၁၅။	“တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအက လှပဝေဆာ”
၁၉:၄၅	၁၆။	**အမျိုးသားညီလာခံ ဂုဏ်ပြုတေး**
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**ရုပ်မြင်သံကြားနှစ်ပတ်လည်ဂုဏ်ပြုအငြိမ့်** **မင်းသမီး–**စုလေးညို၊ ခိုင်သဇင်သင်း၊ **လူရွှင်တော်–**ဝင်းနိုင်(အနုပညာ)၊ ဇရော၊ ဗေဒါ၊ ထင်ပေါ်၊ အုန်းသီး၊ ငွေတောင်
	၂၁။	မမော်သောအလင်း (အပိုင်း–၁၀)
		“ဘီးနှစ်ဘီးပေါ်က ဘဝ” ဖိုးသောကြာ၊ ရတနာခင်၊ မေသဥ္ဇာဦး၊ ချိုပြုံး၊ ခင်သန်းနွယ်၊ ပွင့်နဒီမောင်၊ သူသူဟံသာ၊ ဒေါ်အေးမြင့် (ဒါရိုက်တာ–သက်တင်)
	၂၂။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

အထက(၁)ဗဟန်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အထက(၁)ဗဟန်းတွင် ၁၉၉၂ မှ ၂၀၀၄ ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်းမိုးဦးပန်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ကိုသက်နိုင်ဦး ဖုန်း–၃၇၅၄၉၁၊ ကိုကျော်ဇေယျ ဖုန်း–၀၉၈၀–၃၀၅၄၃၊ ကိုရိုရှမ်း ဖုန်း–၇၂၇၃၅၂၊ ကိုတေဇာလင်း ဖုန်း–၅၅၉၄၉၁၊ ကိုနေလင်းထွေး ဖုန်း–၀၉–၅၁၀၂၄၂၁ နှင့် မဆုလင်းဦး ဖုန်း–၅၅၉၅၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

တာမွေမြို့နယ် ၂၀၀၄–၂၀၀၅ ပညာသင်နှစ် မြို့နယ်အဆင့် ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က အထက(၁) ပင်လုံခန်းမတွင် ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင်က အထက(၄)တာမွေ ပဉ္စမတန်းမှ ဘက်စုံထူးချွန်ဆုရ မစုလှိုင်ထွန်းအား ဆုချီးမြှင့်စဉ်။ (က–ပ)

စုပေါင်းကာကွယ် မီးဘေးအန္တရာယ်

၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ဒုတိယဝန်ကြီးများ၊ဒုတိယမြို့တော်ဝန်၊ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဝင်များနှင့် စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံဂီတ အစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့မှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုနှုတ်ဆက်ညစာစားပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့်အတူ ညစာသုံးဆောင်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ညစာသုံးဆောင်အပြီးတွင် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ကြသည်။

ယင်းနောက် အနုပညာဦးစီးဌာနယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့မှ အနုပညာရှင်များက တေးသံသာများ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေ တင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

✡ ကျောဖုံးမှ

ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုးနှင့်တပ်မတော်အရာရှိကြီးများ လိုက်ပါလျက် ယနေ့ညနေပိုင်းတွင် နှစ် (၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းများ၏ တည်းခိုဆောင်များ နေရာချထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာနှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ညနေ ၃နာရီခွဲတွင် ကျန်စစ်သားစစ်ကြောင်း တည်းခိုမည့် မင်္ဂလာဒုံမြို့နယ် နယ်မြေခံတပ်သို့ ရောက်ရှိလာကြရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးလှဋ္ဌေးက တည်းခိုဆောင်များနေရာချထားမှုကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် စစ်ရေးပြတပ်ခွဲ အိပ်ဆောင်များ၊ စားရိပ်သာများ၊ တပ်မတော်၏ ဆောင်ပုဒ်များရေးသားပြင်ဆင်နေမှုနှင့်စစ်ရေးပြကွင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စစ်ရေးပြစစ်ကြောင်းမှ တပ်မတော်သားများ တည်းခိုနေထိုင်မှု အဆင်ပြေချောမွေ့စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး အင်အားပြည့်ဝစေရေးအတွက် လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးရေးတို့ကိုမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် အောင်ဆန်းစစ်ကြောင်းတည်းခိုမည့် တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဒုတိယဗိုလ်မှူးကြီးနေဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး တည်းခိုဆောင်များ နေရာချထားမှုကို လိုက်လံရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် စစ်ရေးပြတပ်ခွဲအိပ်ဆောင်များ၊ စားရိပ်သာများ၊ သက်သာချောင်ချိရေးအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ ညနေ ၅နာရီတွင် ပြန်လည် ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ရွှေပြည်ဟိန်းကျောင်း တရားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ အထူးတရားပွဲကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၁ ရက်ညတွင် မဟာစည်နာယကမုဒ္ဒံဆရာတော် အရှင်ကုသလာနန္ဒ၊ ၂၂ ရက်နှင့် ၂၃ ရက် ညများတွင် ဓမ္မစေတီဆရာတော် အရှင်ကောသလ္လ၊ ၂၄ ရက်ညတွင် သီတဂူကြာတစ်ပွင့် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရတို့က တရားတော်များဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က–ပ)**

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ကရင်ပြည်နယ်တွင်လမ်းသစ်ဖွင့်ပွဲအခမ်းအနားများကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ကရင်ပြည်နယ် ဒုတိယအကြိမ် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက် နံနက်ပိုင်းက ဘားအံမြို့ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဋ္ဌေးနောင်က အနာကြီးရောဂါတိုက်ဖျက်ရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖေဖော်ဝါရီ၉ရက် နံနက်ပိုင်းတွင် ပြည်နယ်ဥက္ကဋ္ဌသည် ဘားအံမြို့ အမှတ်(၉)ရပ်ကွက်၌ကျင်းပသည့် (၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် အနော်ရထာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်က ကတ္တရာလမ်းသစ်ဖောက်လုပ်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖ ဦးစောသန်းကျော်အောင်က ကျေးဇူးတင်စကားပြောကြားကာ လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ပေးအပ်သည်။

အလားတူ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အမှတ်(၄)ရပ်ကွက် သုဝဏ္ဏလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ အစီအစဉ်အရ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအောင်မော်မော်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဝင် ဦးခင်မောင်မြင့်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကတ္တရာလမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဥက္ကဋ္ဌသည် ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ ဘားမဲတောင်ပေါ်တွင် ကျင်းပသည့် ဂါလန်တစ်သိန်းဆံ့ ရေလှောင်ကန်သစ် ပန္နက်တင်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ပြီး တာဝန်ရှိသူများနှင့်အတူ ရေလှောင်ကန်သစ်ကို အုတ်မြစ်ချ ပန္နက်တင်ပေးကြသည်။

ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ပြည်နယ်ဥက္ကဋ္ဌသည် ဘားအံမြို့နယ် မဲဘောင်ကျေးရွာ၌ ကျင်းပသည့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မဲဘောင်–နောင်ပလိန် ကျေးလက်ကျောက်ချောလမ်း လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အလားတူ ဘားအံမြို့နယ် ကော့ထော်ကျေးရွာ မြေသားလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို အဆိုပါကျေးရွာ၌ ကျင်းပရာ အစီအစဉ်အရ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်သောင်းနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးတို့က လမ်းသစ်ကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မြေသားလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းများ၏ တည်းခိုဆောင်များ နေရာချထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဖေဖော်ဝါရီ၅ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်မီးရထားရပ်ကွက်တွင် (၁၃)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းလှိုင်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်၊ ရပ်ကွက်ဓမ္မာရုံဥက္ကဋ္ဌ ဦးရွှေလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးသက်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြစဉ်။ (က–ပ)

ပုဂံ–ညောင်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မှန်ကျောင်းရွှေနှင်းဆီဓမ္မဗိမာန်တော် ဓမ္မသုခကျောင်းတိုက်၌ ကျင်းပရာ အသင်းနာယက ဒေါက်တာဦးလွန်းဝေက တက္ကသိုလ်ဝင်တန်းစာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မအေးချမ်းသာအား ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။

(က–ပ)

● ကျောဖုံးမှ

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီ လီမိတက်မှ အင်ဂျင်နီယာမှူးကြီး ဦးစောဒေးဗစ်သာက ပဲခူး-ညောင်လေးပင်လမ်းအပိုင်းတွင် လမ်းထပ်ပိုးလွှာတင်ခြင်း၊ လမ်းချဲ့ခြင်း၊ လမ်းခင်းကျောက်များ စုဆောင်းရရှိမှုနှင့် ကျောက်ထုတ်လုပ်ခြင်း လုပ်ငန်းများ၊ ကတ္တရာများ စုဆောင်းရရှိမှု၊ အကြို အင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်နေမှု၊ လမ်းတိုးတက်ပြုပြင်ပြောင်းလဲနေမှုများနှင့် လမ်းပိုင်းအတွင်းရှိ တံတားများ ပြုပြင်တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက မိမိတို့ တာဝန်ယူရသော လမ်းပိုင်း၌ အများပြည်သူ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှု အတားအဆီး ဖြစ်ပေါ်မှု မရှိစေရန် လမ်းပိုင်းကို တစ်ကွက်ပေါက်တစ်ကွက်ဖာစနစ်ဖြင့် ပြုပြင်ရေးနှင့် တံတားများကို သတ်မှတ်ခံနိုင်ဝန်ဖြင့် စံချိန်စံညွှန်း ပြည့်မီစွာ ပြုပြင် တည်ဆောက်ရေးမှာကြားသည်။

မြေဖို့လုပ်ငန်းပြီးစီး

ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောင်ရွက်နေသည့် ပဲခူး-ညောင်လေးပင်လမ်းအပိုင်းသည် မိုင်တိုင် ၅၀/၀ မှ ၉၈/၀အထိ ၄၈မိုင်ရှိပြီးလမ်းထပ်ပိုးလွှာတင်ခြင်း၊ လမ်းမျက်နှာပြင်ညှိခြင်းနှင့် လမ်းအကျယ် ၂၄ ပေရရှိရန် လမ်းပခုံးများ တိုးချဲ့ခြင်းလုပ်ငန်းများ လုံးဝပြီးစီးနေကာ လေးလမ်းသွားအကျယ် မြေကြီးဖို့ခြင်းလုပ်ငန်းမှာ ၁၁မိုင် ခုနစ်ဖာလုံ ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာအနီးရှိ အိုလံပစ်ကုမ္ပဏီလီမိတက် ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ အိုလံပစ်ကုမ္ပဏီလီမိတက်မှ စီမံကိန်းဒါရိုက်တာ ဦးထွန်းထွန်းက ညောင်လေးပင်-ဇေယျဝတီလမ်းအပိုင်းတွင် လမ်းပြုပြင်တိုးချဲ့မှုလုပ်ငန်းစတင်ခဲ့မှု၊ လမ်းချဲ့ခြင်း၊ လမ်းမျက်နှာပြင်ညှိခြင်း၊ လမ်းခင်းကျောက်ရရှိမှုနှင့် သုံးစွဲမှု၊ ကတ္တရာရရှိမှုများနှင့် လမ်းပိုင်းအတွင်းရှိ တံတားများပြုပြင်တည်ဆောက်မှု အခြေအနေများ၊ လမ်းဖြတ်သန်းခကောက်ခံရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စနစ်တကျဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လမ်းပိုင်းအလိုက် တာဝန်ယူဆောင်ရွက်နေကြသည့် တာဝန်ရှိသူများအနေဖြင့် လမ်းနှင့် တံတားများရေရှည်ခိုင်ခံ့အောင် စနစ်တကျဆောင်ရွက်ရန်မှာကြားသည်။

အိုလံပစ်ကုမ္ပဏီလီမိတက်မှဆောင်ရွက်နေသည့် ညောင်လေးပင်-ဇေယျဝတီလမ်းအပိုင်းသည် မိုင်တိုင် ၉၈/၀ မှ ၁၄၆/၀အထိ ၄၈မိုင်ရှိပြီး ဒုအခြေခံလွှာလမ်းချဲ့ခြင်း ၃၈မိုင်၊ ၂၄ပေ အကျယ်လမ်းချဲ့ခြင်း ၃၁မိုင်၃ဖာလုံ၊ လမ်းတာပေါင်ချဲ့ခြင်း ၁၅မိုင်နှင့် လမ်းပခုံးချဲ့ခြင်း ၂၂မိုင်၃ဖာလုံ ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

သကြားစက်ရောက်ရှိ

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အုတ်တွင်းမြို့ရှိ မြန်မာ့ကြံလုပ်ငန်း အမှတ်(၇)သကြားစက်(အုတ်တွင်း)သို့ ရောက်ရှိကြသည်။

ယင်းနောက် ရှင်းလင်းခန်းမ၌ စက်ရုံမှူး ဦးအောင်ဝင်းက သကြားစက်ရုံတည်နေရာ၊ သမိုင်းကြောင်း၊ ကြံရာသီအလိုက် ကြိတ်ဝါးထုတ်လုပ်မှုအခြေအနေ၊ သကြားနှင့် တင်လဲထုတ်လုပ်မှုနှင့် ၂၀၀၄-၂၀၀၅ခုနှစ်တွင် ကြံတန်ချိန် ၄၅၆၇၄ဒသမ၉၂တန် ကြိတ်ဝါးမှုအခြေအနေ၊ ရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများက ဖြည့်စွက်တင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အုတ်တွင်းမြို့ရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး အောင်စစ်သည်ခန်းမ၌ အရာရှိ၊စစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရေးနှင့် မိသားစုဝင်များ သက်သာချောင်ချိမှုရှိရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးတို့ကို မှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အုတ်တွင်းမြို့နယ် ဟင်းငုတ်ပင်ကျေးရွာအနီးရှိ ကမ္ဘောဇပတ်ဖိုင်ဒါအင်ဒပ်စရီလီမိတက် ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ထို့နောက်ရှင်းလင်းဆောင်၌ စီမံကိန်းဒါရိုက်တာ ဦးဘထွန်းက ဇေယျဝတီ-ရေတာရှည်လမ်းအပိုင်း၌နိုင်လွန်ကတ္တရာခင်းခြင်း၊ အကျယ် ၂၄ ပေ ချဲ့ခြင်းနှင့် ထပ်ပိုးလွှာတင်ခြင်း၊ လက်ရှိလမ်းကို ထပ်ပိုးလွှာတင်ခြင်း၊ လမ်းပေါက်များဖာခြင်း၊ လမ်းမျက်နှာပြင်ညှိခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ လမ်းပခုံးနှင့် တာပေါင် ပေ ၄၀ ချဲ့ခြင်း၊ လမ်းပိုင်းအတွင်း တံတားများ ပြုပြင်တည်ဆောက်ခြင်း၊ လုပ်ငန်းသုံးပစ္စည်းစုဆောင်းရရှိမှု အခြေအနေများနှင့် လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လုပ်ငန်းများ အချိန်နှင့် တစ်ပြေးညီဆောင်ရွက်ရေး၊ လမ်းနှင့် တံတားများ မွမ်းမံထိန်းသိမ်းမှု အမြဲမပြတ် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဇေယျဝတီ - ရေတာရှည်လမ်းအပိုင်းသည်မိုင်တိုင်၁၄၆/၀ မှ ၁၉၄/၀ အထိ ၄၈မိုင်ရှိပြီး နိုင်လွန်ကတ္တရာခင်းခြင်း နှစ်မိုင်တစ်ဖာလုံ၊ လမ်းအကျယ် ၂၄ပေ ချဲ့ခြင်းနှင့် ထပ်ပိုးလွှာတင်ခြင်း ၂၈ မိုင် ခြောက်ဖာလုံ၊ လက်ရှိလမ်းကို ထပ်ပိုးလွှာတင်ခြင်း သုံးမိုင် ငါးဖာလုံ ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့နယ်သို့ သွားရောက်ကြပြီး ပဲခူး-တောင်ငူလမ်းတစ်လျှောက် လမ်းအဆင့်မြှင့်တိုးချဲ့ပြုပြင်ဖောက်လုပ်နေမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

မိုးညှင်းမြို့နယ် ပြည်သူ့ဆေးရုံ တိုးချဲ့လူနာဆောင်အဆောက်အအုံဖွင့် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ကချင်ပြည်နယ် မိုးညှင်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံ(ခုတင်-၁၀၀)ဆံ့ တိုးချဲ့လူနာဆောင် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၉ ရက် နံနက် ၈ နာရီက မိုးညှင်းမြို့ရှိ အဆိုပါအဆောက်အအုံသစ်တွင် ကျင်းပသည်။

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဒင်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တိုးချဲ့လူနာဆောင်သစ် အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အခမ်းအနားကို မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမတွင် ဆက်လက်ကျင်းပရာ အစီအစဉ်အရ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က တိုးချဲ့လူနာဆောင်ဆောက်လုပ်ပေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားပြီးနောက် မိုးညှင်းမြို့မှ ဒေသခံပြည်သူ ဦးသိန်းအောင်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မိုးညှင်းမြို့နယ် (ခုတင်-၁၀၀)ဆံ့ဆေးရုံ ဆေးပဒေသာပင် အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေက ငွေကျပ်၁၀သိန်း၊ ရောင်ခြည်ဦးဆောင်လုပ်ရေးကုမ္ပဏီ ဒါရိုက်တာ ဒေါက်တာစောမြင့်က ငွေကျပ်ငါးသိန်း အပါအဝင် အလှူရှင်အသီးသီးက စုစုပေါင်း ငွေကျပ်၂၃သိန်းကို အသီးသီးပေးအပ်လှူဒါန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးပေါ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၀၇)ဆိုင်ကို ဖွင့်ပွဲအပြီး တွေ့ရစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်ဖွင့်ပွဲ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးပေါ်၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ်(၀၀၇)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်၇ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးပေါ်ရှိ အဆိုပါ အရောင်းဆိုင်ရှေ့၌ကျင်းပရာ ဆိုင်ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမှတ်(၁)စစ်ဒေသမှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ညွှန်ကြားရေးမှူးဦးမြင့်ဆွေက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခရီးသည်တင် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး အရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၆-၂-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် ဗုဒ္ဓဘာသာ သမိုင်းမှတ်တိုင်သုံးခု (ဒုတိယနှစ်-အရှေ့တိုင်းပညာ)
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း-၁၂)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ မြန်မာ့ရှုခင်း
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပညာဉာဏ်ကြီး ဘုန်းမီးနေလ"** (အပိုင်း-၁၉)

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း(၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ကျင်းပရာ ရှေးဦးစွာ အသင်းနာယက ဦးလှထွေးက အဖွင့်အမှာစကားပြောကြားသည်။ နှစ်ပတ်လည် အစီရင်ခံစာကို ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖကလည်းကောင်း၊ ငွေစာရင်းရှင်းတမ်းကို အတွင်းရေးမှူး ဦးညွန့်တင်က လည်းကောင်း အစီရင်ခံတင်ပြကြရာ တညီတညွတ်တည်း အတည်ပြုကြသည်။ ထို့နောက် ၂၀၀၅-၂၀၀၆ ခုနှစ်အတွက် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ကြရာ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယကအဖြစ် ဦးလှထွေး(Nihon Keizai Shimbun)၊ဥက္ကဋ္ဌဦးစဝ်ကိုင်ဖ (Mainichi)၊ ဒုတိယဥက္ကဋ္ဌဦးခင်မောင်မြင့်(NHK)၊အတွင်းရေးမှူး ဦးညွန့်တင်(Fuji TV)၊ တွဲဖက် အတွင်းရေးမှူး ဦးအောင်လှထွန်း(Reuters)၊ ဘဏ္ဍာရေးမှူး ဦးတင်မောင်အေး (Asahi Shimbun)နှင့်စာရင်းစစ်ဦးမင်းဇော် (Tokyo Shimbun) တို့ ပါဝင်သော အမှုဆောင်သစ်များကို ရွေးချယ်တင်မြှောက်ကြသည်။

အစည်းအဝေးအပြီးတွင် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ညွှန်ကြားရေးမှူး(သတင်း)ဦးဝင်းတင်၊ ပြန်ကြားရေးဝန်ကြီးဌာနရုံးအဖွဲ့မှူး ဗိုလ်မှူးရဲတင့်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ နိုင်ငံခြားသတင်း ထောက်များအသင်း နှစ် ပတ် လည် အ စည်း အ ဝေး တွင် နှစ်ပတ်လည် အစီရင်ခံစာကို ဥက္ကဋ္ဌ ဦးစဝ်ကိုင် ဖက ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီးဦးသန်း(မဟာသဒ္ဓမ္မဇောတိက ဓဇ)ဦးဆောင်သော မြန်မာလပြည့်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၂၆) ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီးဝိပဿနာ ခုနစ်ရက်တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီးဝိပဿနာဓမ္မရိပ်သာ၌ ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၆ နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆ နှင့် ၀၅၆-၂၁၄၃၂ တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်သည်။ တရားစခန်းဖွင့်မည့်နေ့ ညနေ ၃ နာရီထက် နောက်မကျစေဘဲ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

စာတော်ပြန်ပွဲနှင့်စာအောင် ဆုနှင်းသဘင်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

သမိဒ္ဓေါဒယ သုခိတာရာမ မြန်အောင် သီလရှင်စာသင်တိုက်၏ (၆၁)ကြိမ်မြောက် သဒ္ဓမ္မဓဇ အာဂမ သဘာဝနှစ်ဌာန စာတော်ပြန်ပွဲနှင့် စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် (စနေနေ့) နံနက်၉နာရီမှစ၍ ဖေဖော်ဝါရီ၁၉ရက် (စနေနေ့)အထိ အာဂုံ+ရေးဖြေများကို ကျင်းပပြီး ဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် စာအောင်ဆုနှင်းသဘင်ကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဝိနယာဓိကာစာပြန်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် သံဃနာယကအဖွဲ့က နှစ်စဉ်ကြီးမှူးကျင်းပလျက်ရှိသော ဆဋ္ဌမအကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိကစာပြန်ဖြေဆိုပွဲကို ဖေဖော်ဝါရီ၁၈ရက်မှ ၂၀ရက်အထိ အမှတ်(၄၆)ရပ်ကွက်ရှိ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဗဟုဇနဟိတရေ ဘဒ္ဒန္တ တေဇနိယဉာဏ သီတင်းသုံးသည့် အောင်ဓမ္မရိပ်သာ စာသင်တိုက်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ တပည့်ဒါယကာ၊ ဒါယိကာမများ ကြည်ညိုပွားများနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ပဲခူးတိုင်း(အရှေ့)မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ ရောက်ရှိကြစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း(အနောက်)မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ ရောက်ရှိကြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ ရောက်ရှိကြစဉ်။ (သတင်းစဉ်)

■ ကျောဖုံးမှ

အလားတူ မန္တလေးတိုင်းမှ အမျိုးသားညီလာခံကိုယ်စားလှယ် ၆၂ ဦးတို့သည် နံနက် ၁၀နာရီမိနစ်၅၀ တွင် မြန်မာ့မီးရထားဖြင့် ရန်ကုန်ဘူတာကြီးသို့ အသီးသီးရောက်ရှိလာကြရာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံး တပ်မှူးနှင့် ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် ဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုကြပြီး အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ တည်းခိုဆောင်များသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။

ထို့အတူ အမျိုးသားညီလာခံတက်ရောက်ရန် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း (အရှေ့)နှင့် ပဲခူးတိုင်း (အနောက်)တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းမှစတင်၍ မော်တော်ယာဉ်များဖြင့် အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းသို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ထိုသို့ ရောက်ရှိကြရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ အမျိုးသားညီလာခံကိုယ်စားလှယ် ၂၈ဦးသည် နံနက် ၅နာရီခွဲတွင် လည်းကောင်း၊ ဧရာဝတီတိုင်းမှ အမျိုးသားညီလာခံကိုယ်စားလှယ် ၇၂ဦးသည် နံနက် ၁၁ နာရီ မိနစ် ၄၀တွင် လည်းကောင်း၊ ပဲခူးတိုင်း(အရှေ့)မှ အမျိုးသားညီလာခံကိုယ်စားလှယ် ၃၃ဦးသည် မွန်းလွဲ ၁ နာရီခွဲတွင် လည်းကောင်း၊ ပဲခူးတိုင်း (အနောက်)မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ၃၃ ဦးသည် ညနေ ၄ နာရီ မိနစ် ၄၀ တွင် လည်းကောင်း မော်တော်ယာဉ်များဖြင့် ညောင်နှစ်ပင်စခန်းသို့ ရောက်ရှိလာကြရာ အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်းနှင့် ဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး အိပ်ဆောင်များ၌ နေရာချထားပေးကြသည်။

တောင်ကြီးစက်မှုလက်မှုအထက ဒုတိယအကြိမ်အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

တောင်ကြီးမြို့ စက်မှုလက်မှု အထက ကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဧပြီ ၂ ရက်(စနေနေ့)တွင် တောင်ကြီးမြို့ ကုန်းသာယာကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ တက်ရောက်ကြရန်နှင့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများသည် ဆရာဦးကျော်ချွန် (အငြိမ်းစား၊ တောင်ကြီး)ဖုန်း ၀၈၁– ၂၂၉၉၆၊ဆရာဦးသောင်းထွန်း (အငြိမ်းစား၊ ရန်ကုန်)ဖုန်း ၀၁–၇၂၂၅၇၁ နှင့် ဆရာ ဦးစိန်မောင် (အငြိမ်းစား၊ ရန်ကုန်)ဖုန်း ၀၁– ၇၀၀၁၉၈ တို့သို့ ဆက်သွယ်နိုင်ကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေထည့်ဝင်လိုသူများသည် ဦးစိုးညွန့်(တောင်ကြီး)ဖုန်း ၀၈၁– ၂၁၆၅၇၊ ဦးခင်မောင်ဝင်း(တောင်ကြီး) ဖုန်း–၀၈၁–၂၁၇၁၅(အိမ်)၊ ဖုန်း– ၀၈၁–၂၁၁၂၅(ရုံး)၊ ဦးတင်အောင် (တောင်ကြီး)ဖုန်း ၀၈၁–၂၁၅၂၁၊ ဦးလှသိန်း(ရန်ကုန်) ဖုန်း–၀၁– ၂၉၅၁၇၆၊ ဦးညိုမြင့်ဒင်(ရန်ကုန်) ဖုန်း ၀၁–၂၂၀၃၄၁၊ ဖုန်း ၀၁– ၂၁၂၀၀၇၊ ဒေါ်စန်းစန်းမြင့်(ရန်ကုန်) ဖုန်း ၀၁–၆၄၂၅၄၂၊ ဦးအေးဝင်း (မန္တလေး) ဖုန်း ၀၂–၃၁၄၅၄ နှင့် ဦးအောင်မြင့်သိန်း(ပခုက္ကူ) ဖုန်း ၀၆၂–၂၂၆၆၇၊ ဦးစိုင်းထွန်းလှ ဖုန်း ၀၂–၃၉၁၆၆နှင့် ဦးထွန်းအောင်ကျော် ဖုန်း–၀၈၁–၂၁၁၅၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ဧရာဝတီတိုင်းမှ အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ ရောက်ရှိကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ရခိုင်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

အလားတူရန်ကုန်တိုင်းမှ အမျိုးသားညီလာခံကိုယ်စားလှယ်များနှင့် အစုအဖွဲ့များမှ ညီလာခံကိုယ်စားလှယ်များသည်လည်း မော်တော်ယာဉ်များဖြင့် ယနေ့ညနေပိုင်းတွင် ညောင်နှစ်ပင်စခန်းသို့ ရောက်ရှိလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီးဗိုလ်ချုပ်လှထွန်း မန္တလေးတိုင်း စဉ့်ကူးဘဏ်ခွဲအဆောက်အအုံသစ် ဖွင့်လှစ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာသွားရောက်ပြီး မန္တလေး မြို့တော်ခန်းမ၌ကျင်းပသော မြန်မာ့စီးပွားရေးဘဏ် အထက်မြန်မာပြည် မန်နေဂျာများ၏ ၂၀၀၄-၂၀၀၀၅ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမှာစကားပြောကြားသည်။

တိကျစွာလိုက်နာ

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်းဆောင်ရွက်မှု အောင်မြင်တိုးတက်စေရန် အဓိကတာဝန်ယူထားရသည့် ဘဏ်ခွဲမန်နေဂျာများအနေဖြင့် ဝန်ထမ်းများ နမူနာယူလောက်အောင် စံပြနေထိုင် လုပ်ကိုင်ဆောင်ရွက်သွားကြဖို့ လိုအပ်ကြောင်း၊ ဝန်ထမ်းများအားလုံး လုပ်ထုံးလုပ်နည်း၊ စနစ်များကို တိကျစွာလိုက်နာစေပြီး အချိန်ပြည့်ကြပ်မတ် စစ်ဆေးကြရန်လိုကြောင်း။

ရှင်းလင်းပြောကြား

ထို့နောက် မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာများက မိမိတို့ဌာနအလိုက် လုပ်ငန်းတစ်ခုချင်းအလိုက် ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ဆန်းထွန်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး မြန်မာ့စီးပွားရေးဘဏ် အထက်မြန်မာပြည် မန်နေဂျာများ၏ ၂၀၀၄-၂၀၀၅ ခုနှစ် နှစ်ချုပ် စာရင်းပိတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်း စဉ့်ကူးမြို့ ဘဏ်ခွဲအဆောက်အအုံသစ် အခမ်းအနားသို့ တက်ရောက်ကြသည်။

ထို့နောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ဆန်းထွန်းနှင့် ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် စဉ့်ကူးမြို့ဘဏ်ခွဲ အဆောက်အအုံသစ်ဆိုင်းဘုတ်ကို မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့က အဆောက်အအုံသစ်အတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၊ ကြီးကြပ်ဝန်ထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်း အမှတ်စဉ်(၁/၂၀၀၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ရက်က ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁) သင်တန်းခန်းမ၌ကျင်းပပြုလုပ်ရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ဆန်းထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ ကြီးကြပ်ဝန်ထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာသင်တန်းသို့ သင်တန်းသား ၆၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ (က-ပ)

၁၀၈တောင်စွယ်တော်စေတီ ဗုဒ္ဓပူဇနီယပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်း သာကေတမြို့နယ်လုံးဆိုင်ရာ ၁၀၈တောင် မဟာဗောဓိစွယ်တော်ရှင်စေတီတော်မြတ်ကြီး၏ (၄၁)ကြိမ်မြောက်ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဖေဖော်ဝါရီ၂၃ရက်မှ၂၇ရက်အထိကျင်းပမည်ဖြစ်သည်။ ဗုဒ္ဓပူဇနီယပွဲတော်တွင် အသံမစဲပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲနှင့် မြို့နယ်သြဝါဒါစရိယဆရာတော်ကြီးများ၊ မြို့နယ်အတွင်းရှိ ကျောင်းပေါင်းစုံမှသံဃာတော်အပါး ၂၅၅ပါးတို့အား ဖေဖော်ဝါရီ ၂၇ရက်တွင် ပဋ္ဌာန်းအောင်ပွဲနှင့်ဆွမ်းဆန်စိမ်း လာင်းလှူပွဲကို ကျင်းပသွားမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် ၁၀၈တောင် ဂေါပကရုံး ဖုန်း-၅၄၇၁၂၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ကျောင်းတိုက်ဓမ္မာရုံတိုးချဲ့တည်ဆောက်ရေးလှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အင်းစိန်မြို့နယ် အောင်ဆန်းမြို့တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇)တွင် ပဓာနနာယက ဆရာတော် ပြည်တွင်းပြည်ပသာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရနှင့် အကျိုးဆောင်အဖွဲ့တို့ စုပေါင်းဦးဆောင်မှုဖြင့် ယောဂီ၅၀၀ခန့်တရားစခန်းဝင်ရောက်အားထုတ်နိုင်ရန် ၅၂ပေXပေ၁၃၀ရှိ ဓမ္မဝိဇ္ဇာဓမ္မာရုံကြီးကို ၅၄ပေ X ၁၀၈ပေ ထပ်ဆင့်တိုးချဲ့ဆောက်လုပ်လျက်ရှိသည်။ စေတနာရှင် ပြည်သူများသည် ဖုန်း-၆၄၁၉၆၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သုံးထပ်သိမ်တော်ကြီး ရေစက်ချမင်္ဂလာကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

သဃ်္ဃန်းကျွန်းမြို့နယ် ဆ/ခ ရပ်ကွက် ရတနာသိဒ္ဓိပရိယတ္တိစာသင်တိုက်၌(ဦးတူး)ဒေါ်အေးကြည်မိသားစု (ဒဂုံတက္ကသိုလ်ရိပ်မွန်) မတည်ငွေကျပ်သိန်း၄၀နှင့် အများစုပေါင်း၍ ဆောက်လုပ်ပြီးဖြစ်သော သာသနသုစိတ္တာရုံ သုံးထပ်သိမ်တော်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား အနေကဇာတင်ခြင်းနှင့် သိမ်တော်မြတ်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက်(တနင်္ဂနွေနေ့)နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များနှင့် ကျောင်းဒါယကာ၊ ဒါယိကာမများ တက်ရောက် လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

နှစ်ဖက်သောမိဘများနှင့် ခင်ပွန်းဖြစ်သူ ပွဲစားကြီး ဦးထွန်းလှ၊ ညီမ ဒေါ်ငွေခင်တို့အား ရည်စူး၍ ဒေါ်သန်းရင် (သီပေါမြို့) အသက်(၈၆)နှစ်မြောက် မွေးနေ့တွင် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းနှင့် ဘိုးဘွားရိပ်သာသုံးထပ်ဆေးရုံအတွက်ငွေကျပ် တစ်သိန်းတို့ကိုပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဒဂုံမြို့သစ်(မြောက်ပိုင်း) အမက(၂၀)၏ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၃ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက်ပညာရည်ချွန်ဆုနှင့် သင်္ချာထူးချွန်ပထမဆုရ မကေခိုင်ဝင့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်မေထွေးက ဆုချီးမြှင့်စဉ်။ (က-ပ)

ပြည်ထဲရေးဝန်ကြီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက်က လှိုင်သာယာမြို့နယ် အလက(၇)ကျောင်း၌ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြေယာနှင့် ယစ်မျိုးအခွန်ဌာန ညွှန်ကြားရေးမှူး ဦးတင်သိန်းက သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။ (က-ပ)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဘိုးဘွားများဘုရားစုံဖူးမြော်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ဘိုးဘွား ၂၄၀ စောင့်ရှောက်ထားသည့်အနက် ကျန်းမာသန်စွမ်း၍ သွားလာနိုင်သော ဘိုးဘွား ၁၀၀ကျော်တို့အား အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဝန်ထမ်းများလိုက်ပါစောင့်ရှောက်လျက် ဘုရားဖူး၊ အပန်းဖြေခရီး ပို့ဆောင်ပေးရာ ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၁၁ရက်တွင် ရွှေတိဂုံစေတီတော်၊ မဟာဝိဇယစေတီတော်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီးဘုရားများ၊ ဒီဇင်ဘာ၂၅ရက်တွင် သန်လျင်မြို့နှင့် ကျောက်တန်းမြို့ရှိဘုရားများ၊ ၂၀၀၅ခုနှစ် ဇန်နဝါရီ၈ရက်တွင် ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီ၊ ရွှေသာလျောင်းဘုရား၊ မဟာစေတီ၊ ကမ္ဘောဇသာဒီနန်းတော်၊ လှည်းကူးမြို့ ဆုတောင်းပြည့် ငါးထပ်ကြီးဘုရားနှင့် မင်္ဂလာဒုံမြို့နယ် တန့်ကြည့်တောင် ဝိပဿနာရိပ်သာ၊ ဇန်နဝါရီ ၂၂ရက်တွင် ချောင်းဝဆရာတော်ကျောင်း၊ လောကချမ်းသာအဘယလာဘမုနိကျောက်တော်ကြီးဘုရား၊ ကျိုက္ကလော့စေတီတော်၊ မဟာဆေးဝက်ဘာဆရာတော်ကျောင်း၊ အာလိန်ငါးဆင့်ဘုရားသို့လည်းကောင်း၊ ဖေဖော်ဝါရီ ၁၂ရက်တွင် မယ်လမုဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ကမ္ဘာအေးစေတီနှင့် ကျိုက္ကစံဆံတော်ရှင်စေတီတော်များသို့ ဘုရားဖူးပို့ဆောင်ပေးသည်။

အေးချမ်းသည့် ပွင့်လင်းရာသီတွင် ဘိုးဘွားများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာဘုရားဖူးနိုင်ရေးအတွက် နှစ်စဉ်ငါးကြိမ်ဘုရားဖူး အပန်းဖြေခရီးစဉ် ပို့ဆောင်ပေးလျက်ရှိရာ သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဂေါပကအဖွဲ့ဝင်များ၊ စေတနာရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အဘက်ဘက်က ပြည့်စုံအောင် ကျွေးမွေးလှူဒါန်းလျက်ရှိကြောင်း သိရသည်။ (က-ပ)

တတိယအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

တတိယအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၁ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားပြီး ဆရာဝန်တင်ရွှေ စာပေဆုရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဗဟိုအမှုဆောင် ဦးမျိုးသန့်(မောင်ဆုရှင်)က စာပေဆုရွေးချယ်ချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆရာဝန်တင်ရွှေ၏ ဇနီး ဒေါ်အေးသန့်က တတိယအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲတွင် "ပန်းတစ်ပွင့်ရဲ့ ရင်ခုန်သံ" စာအုပ်ဖြင့် ဆုရရှိသူ ဆရာမ ဒေါ်ဝင်းဝင်းမြင့်(နန်းတော်ရှေ့)၊ "သက်ရှည်ကျန်းမာ မြန်မာ့အစာ"စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာဒေါ်မြင့်မြင့်ခင်၊ "Myanmar's Attractions and Delights"စာအုပ်ဖြင့် ဆုရရှိသူ ဆရာကြီးဦးဘသန်း(မဟာဝိဇ္ဇာ)တို့အား ဆုများပေးအပ်ပြီး ဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား ဆရာကြီး ဦးသော်ကောင်းအား မေတ္တာလက်ဆောင်နှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့အတွက်ရန်ပုံငွေကို ဒုတိယဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)အား ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

မြိတ်မြို့နယ်တွင် မန္တလေးကျောင်းလမ်းနှင့် ဖွားမင်းသိုက်လမ်း ကတ္တရာလမ်းဖွင့်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၅

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြိတ်မြို့ ကန်ဖျားရပ်ကွက်ရှိ မန္တလေးကျောင်းလမ်းနှင့်ဖွားမင်းသိုက်လမ်း ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၀ရက် နံနက်၉နာရီက အဆိုပါလမ်း၌ ကျင်းပသည်။

အစီအစဉ်အရ မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက လမ်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး မြိတ်မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးချစ်လွင်တို့က မန္တလေးကျောင်းလမ်းနှင့် ဖွားမင်းသိုက်လမ်းတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ကတ္တရာလမ်းကို လှည့်လည်ကြည့်ရှုကြပြီး တိုင်းမှူးက ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

မန္တလေးကျောင်းလမ်း ကတ္တရာလမ်းသည် အကျယ် ၁၈ပေ၊ အရှည် ပေ၅၈၀ရှိပြီး မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ခွင့်ပြုရန်ပုံငွေကျပ် ၁၄၁၀၀၀၀ ဖြင့်လည်းကောင်း၊ ဖွားမင်းသိုက်လမ်းသည် အကျယ်၁၂ပေ၊ အရှည်ပေ၁၀၆၀ ရှိပြီး ပြည်သူများလှူဒါန်းငွေကျပ် ၁၁၆၂၀၀၀ အပါအဝင် စုစုပေါင်းကုန်ကျငွေကျပ် ၂၀၁၂၀၀၀ ဖြင့်လည်းကောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မြိတ်တောင်ကျေးရွာအုပ်စုရှိ အောင်မင်္ဂလာ အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်၍ ကျောင်းဆောင် ဆောက်လုပ်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ကျောင်းဆောင်သည် အလျားပေ၂၁၀၊ အနံပေ၃၀ရှိပြီး အုတ်ညှပ်၊ သွပ်မိုး တစ်ထပ်ကျောင်းဆောင်ဖြစ်သည်။

ညှိနှိုင်းဆောင်ရွက်ပေး

ယင်းနောက် တိုင်းမှူးသည် မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ ခွဲစိတ်ဆောင်နှင့်ဆေးကုသဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်သွင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသာပြည့်တို့က လိုက်လံရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းခွဲစိတ်ဆောင်နှင့် ဆေးကုသဆောင်သည်အလျား ၁၁၆ပေ၊ အနံပေ ၆၀၊ အမြင့်၂၄ပေရှိ သံကူကွန်ကရစ်အမျိုးအစား နှစ်ထပ်ဆောင်ဖြစ်ပြီး ကေဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ တိုင်းမှူးသည် လူနာဆောင်အတွင်းရှိ လူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးပြီး ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆရာဝန်ကြီးများနှင့် ပါရဂူများအား တွေ့ဆုံကာ ဆရာဝန်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် မြိတ်မြို့တက္ကသိုလ်ပင်မဆောင် ဆောက်လုပ်နေမှုအခြေအနေများကိုလည်းကောင်း၊ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှု အခြေအနေများကိုလည်းကောင်း၊ မြိတ်မြို့ မြို့တွင်းလမ်းများ အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၂ရက်က ရွှေတိဂုံစေတီတော်သို့ (၄၄၉)ကြိမ်မြောက် ရွှေပြား၊ ရွှေသင်္ကန်းနှင့် အထွေထွေဝေယျာဝစ္စ အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် တန်ဆောင်း၌ကျင်းပရာ အလှူရှင် နှစ်ဖက်မိဘများအား အမှူးထား၍ ဦးအောင်နိုင်-ဒေါ်မိမိသက် (ပန်းဝတ်မှုန်ဆေးတိုက်)သား ဦးဇော်မင်းလှိုင်၊ သမီးကြီး ဓာသီရိနိုင်၊ သမီးငယ် မဓာသက်သက်နိုင်၊ မြေး မအိသီရိမင်းတို့က ရွှေစင်ခြောက်ကျပ်သားကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကော့မှူးမြို့နယ် ငှက်အော်စမ်း ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးခြံ

ဝန်ကြီးဦးအောင်သောင်းစစ်ဆေး၊ ရော်ဘာစေးခြစ်လုပ်သားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် ဖေဖော်ဝါရီ ၁၃ရက် နံနက်၈နာရီက ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ငှက်အော်စမ်းရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးခြံသို့ ရောက်ရှိပြီး ရော်ဘာပင်များမှ ရော်ဘာစေးထုတ်ယူမှု အခြေအနေများနှင့် ရော်ဘာပင်များစိုက်ပျိုးထားရှိမှု အခြေအနေများကို စစ်ဆေးသည်။ (အပေါ်ပုံ)

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ကော့မှူးမြို့နယ် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဆူးကလပ် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးခြံသို့ ရောက်ရှိပြီး ခြံမန်နေဂျာရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ခြံမန်နေဂျာဦးတင်ငွေက ဆူးကလပ်ရော်ဘာ စိုက်ပျိုး ထုတ်လုပ်ရေးနှင့် ပတ်သက်သော အစေးလှီး ဧရိယာ၈၅၂ဧကရှိ ရော်ဘာပင် ၄၀၁၆၅ ပင်၏ အခြေအနေ၊ ဧက၂၀၌ ပင်ပျိုထိန်းသိမ်းဧရိယာရှိ ရော်ဘာပင် ၃၁၃၉ ပင်၏ အခြေအနေ၊ ပျမ်းမျှတစ်ဧကစိုက်ပျိုးမှုအခြေအနေနှင့် ရော်ဘာစေးတစ်ဧကေ ပျမ်းမျှထွက်ရှိမှု အခြေအနေများ၊ ၂၀၀၅-၂၀၀၆ခု စိုက်ပျိုးရာသီ၌ ၁၁၈ဧက စိုက်ပျိုးရန်လျာထားမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက်ဝန်ကြီးသည် ရော်ဘာကြိတ်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ကြိတ်ပြီးရော်ဘာပြားများ နေလှန်းမှုအခြေအနေများကို လည်းကောင်း၊ ရော်ဘာထုပ်ပိုးဌာနရှိ ရော်ဘာမှိုင်းခံအဆင့်(၁)မှ အဆင့်(၅)အထိ အရည်အသွေး သတ်မှတ်ချက် အခြေအနေများကိုကြည့်ရှုပြီး ဝန်ကြီးက ရော်ဘာများ၏ အဆင့်မြင့်မားရေး ဂရုစိုက်ထုတ်လုပ် ဆောင်ရွက်သွားရေး မှာကြားသည်။

ထိုမှတစ်ဆင့်ဝန်ကြီးသည် ဆူးကလပ်ရော်ဘာခြံမှ ငှက်အော်စမ်း ရော်ဘာခြံ အသွားလမ်းခရီး၌ ရော်ဘာစေးခြစ်လုပ်သားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးပြီး ခြစ်ယူပြီး ရော်ဘာစေးများ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ကော့မှူးမြို့နယ် ငှက်အော်စမ်းရော်ဘာ စိုက်ပျိုးထုတ်လုပ်ရေးခြံသို့ ရောက်ရှိပြီး ခြံမန်နေဂျာရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ခြံမန်နေဂျာဦးသန့်ဇင်ဝင်းက ရော်ဘာခြံ၏စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက တင်ပြချက်များအပေါ် သုံးသပ်၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် သက်တမ်း၄၀ရှိ ရော်ဘာစိုက်ခင်းအခြေအနေများကိုလည်းကောင်း၊ သက်တမ်း၁၃နှစ်ရှိ ရော်ဘာ စိုက်ခင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးနှင့်တာဝန်ရှိသူများသည် မွန်းလွဲ၁နာရီခွဲတွင် တွံတေးမြို့ မြန်မာ့စားသောက်ကုန်လုပ်ငန်း တွံတေးပီလောပီနံစိုက်ကွင်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ရှေးဦးစွာ မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးစိုးသိန်းက စိုက်ကွင်းအမှတ်(၁)မှ အမှတ်(၃)အထိ ပီလောပီနံစိုက်ပျိုးထားရှိမှု အခြေအနေ၊ စိုက်ကွင်း၏ နှစ်အလိုက် စိုက်ပျိုးနိုင်မှုနှင့် ဥစိမ်းထွက်ရှိမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးလှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးကလုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်မှုကုန်ကြမ်းသီးနှံ ပီလောပီနံစိုက်ခင်းများကို တစ်အုပ်တစ်မစိုက်ပျိုး၍ အပင်များ အောင်မြင်ဖြစ်ထွန်းရန် စနစ်တကျ အစီအမံထား ဆောင်ရွက်သွားရေး၊ မြေများ ပြုပြင်၍ ရေသွင်းစနစ်များရရှိရေး၊ ရိတ်သိမ်းချိန်၌ ကျွဲ၊ နွားများ ဝင်ရောက်ခြင်း မပြုရေးဆောင်ရွက်ရန် မှာကြားပြီး ပီလောပီနံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် ရိုးရာခြင်းအလှခတ်ပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး စတုတ္ထအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၂ရက် ညနေ ၄နာရီက မင်းဓမ္မလမ်းနှင့် မဟာသုခိတာလမ်းထောင့်ရှိ လောကချမ်းသာ ခြင်းရုံ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ လောကချမ်းသာအဘယလာဘမုနိဂေါပကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဂေါပကအဖွဲ့ ဥက္ကဋ္ဌက အဖွင့်မှာစကား ပြောကြားပြီး ကျောင်းသားလေးများနှင့် အမျိုးသမီးများက ခြင်းအလှခတ်သရုပ်ပြကြသည်။ အဆိုပါ ခြင်းအလှခတ်ပွဲကို ဖေဖော်ဝါရီ ၁၃ရက်မှ ၂၂ရက်နေ့အထိ ကျင်းပလျက်ရှိရာ အဖွဲ့ပေါင်း ၂၁၀ က နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ အလှခတ်ကြမည် ဖြစ်သဖြင့် မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(ဝ၄၆)**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၆) အခြေခံပညာမူလတန်း လွန်ကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အေးက ပထမတန်းမှ တတိယဆုရ မအင်ကြင်းလွင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စစ်ရေးပြတပ်ခွဲများကို ဂုဏ်ပြုလျက် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ခနအောင်ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာဦးစိုးသိန်းနှင့် ဇနီးဒေါ်ခင်ချိုအုံး (ဒုတိယတိုင်း ဥပဒေအရာရှိ ရန်ကုန်တိုင်း)တို့က ငွေကျပ် ၁၀ သိန်းလှူဒါန်းသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် မွန်းလွဲပိုင်းက ပြည်ထဲရေးဝန်ကြီးရုံး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ငွေလှူဒါန်းရခြင်း အကြောင်းကို အလှူရှင် ဒေါ်ခင်ချိုအုံးက ရှင်းလင်းပြောကြားပြီး ငွေကျပ်၁၀သိန်း လှူဒါန်းရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က လက်ခံ၍ ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုလက်မှတ် ပြန်လည်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက္ကစံဆံတော်ရှင်စေတီတော် ရွှေသင်္ကန်းကပ်လှူပြီးမြောက်မှု ရေစက်ချအခမ်းအနားကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံ ဆုတောင်းပြည့်စေတီတော်မြတ်၏ လုံးတော်ပြည့် ရွှေသင်္ကန်းများ ကပ်လှူပြီးမြောက်မှု အောင်မြင်ပွဲတရားနာ ရေစက်ချ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီတွင် ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ကုသိုလ်ပါဝင်လှူဒါန်းခဲ့ကြသော ပုဂ္ဂိုလ်အပေါင်းတို့အား ကြွရောက် ကြည်ညိုကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ၁၅ ရက်က မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဖွဲ့စည်းခြင်းအခမ်းအနားကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမတွင်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင် ဦးညွန့်ဝင်း၊ အမှုဆောင်များ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

(မြန်မာ့အလင်း)

ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်မြို့ အမှတ်(၁၅) နတ်မောက်ရိပ်သာလမ်း ဆုထူးပန်ပရိယတ္တိ ရွှေကျင်ကျောင်းတိုက်ကြီး၏ ပရိဝုဏ်အတွင်းတည်ထားအပ်သော ဆုထူးပန် ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မင်းသားကြီး ဂရိတ်ဦးဖိုးစိန်စေတီတော်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရားရှင်တို့၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၂၂ ရက်တွင်ကျင်းပမည်ဖြစ်ရာ နံနက် ၅ နာရီတွင် အရုဏ်ဆွမ်းကပ်လှူခြင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဆွမ်းတော်ကြီးပွဲများပို့လှူခြင်း ကျင်းပမည်ဖြစ်သည်။ ဖေဖော်ဝါရီ၂၃ရက်တွင် ရှင်ဥပဂုတ္တပူဇော်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်ကြည်ညို ပူဇော်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံ့ဂုဏ်ဆောင်အောင်ပွဲရ မြန်မာ့လက်ရွေးစင်မြားပစ်အသင်းအားဂုဏ်ပြု ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အမှာစကားပြောကြား၊ ဆုများချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံ ရန်ကုန်မြို့၌ကျင်းပခဲ့သည့် ၂၀၀၅ ခုနှစ် ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အောင်ပွဲရမြန်မာ့လက်ရွေးစင်မြားပစ်အသင်းအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံမြားပစ်ပြိုင်ကွင်း၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထိုက်ထိုက်တန်တန်ဂုဏ်ပြု

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည့် ပထမအကြိမ် အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ လက်ရွေးစင် အားကစားသမား စုစုပေါင်း ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ယင်းပြိုင်ပွဲသို့ မြန်မာ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် လာအိုအပါအဝင် အရှေ့တောင်အာရှ ခြောက်နိုင်ငံမှ ထိပ်သီးမြားပစ် အားကစားသမား စုစုပေါင်း ၅၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုမှာ မြန်မာအသင်းက ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် ၁၀ ခုဖြင့် ပထမ၊ မလေးရှားအသင်းက ရွှေတံဆိပ်ခုနစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ်လေးခုဖြင့် ဒုတိယ၊ အင်ဒိုနီးရှားအသင်းက ငွေတံဆိပ်ခြောက်ခုဖြင့် တတိယ၊ ဗီယက်နမ်နှင့် ထိုင်းအသင်းတို့က ငွေတံဆိပ်နှစ်ခုစီဖြင့် စတုတ္ထရရှိခဲ့ကြောင်း၊ အမျိုးသား Compound ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ပေါ်ဦး၊ အမျိုးသမီးCompoundပြိုင်ပွဲ၌ မြန်မာနိုင်ငံမှယုနန္ဒာထိုက်၊ အမျိုးသား Recurveပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ညီညီထွန်းတို့က ထူးချွန်ဆုများကို အသီးသီးဆွတ်ခူးရရှိခဲ့ကြောင်း၊ မြန်မာမြားပစ်အသင်းအနေဖြင့်ပြိုင်ဘက်နိုင်ငံများအားလုံးကို ပြတ်ပြတ်သားသား အနိုင်ရယူပြီး နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုရခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက မြန်မာ့လက်ရွေးစင်မြားပစ်အဖွဲ့ အောင်မြင်မှုရရှိရေးအတွက် ကြိုတင် ပြင်ဆင်ဆောင်ရွက်ခဲ့မှုများ၊ဆက်လက် ဆောင်ရွက်လျက်ရှိသည့် ရေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အလှူငွေပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးတင့်ဆန်းက မျိုးဆက်သစ်ဒိုင်ဗင်ရေကူး အားကစားသမားများ နေထိုင်ရန်အတွက် အဆောက်အအုံသစ် ဆောက်လုပ်ရေးနှင့် လိုအပ်သောပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများအတွက် အလှူငွေ စုစုပေါင်း ငွေကျပ်သိန်း ၃၇၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အောင်ပွဲရ မြန်မာ့လက်ရွေးစင်မြားပစ်အားကစားသမားများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကျပ် ၂၅သိန်းကိုပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

အသေးစားစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေး ပေါင်းစပ်ညှိနှိုင်း ပြည်တွင်းပြည်ပဈေးကွက်ရရှိရေးဆောင်ရွက်ပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏ (၁/၂၀၀၅) အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

မှာကြား

ရှေးဦးစွာ အသေးစားစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားရာတွင် အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား စက်မှုလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်း ပေးခြင်း၊ တိုးတက်လာနိုင်ဖွယ်ရှိသော စက်မှုလုပ်ငန်းများကို ပံ့ပိုးကူညီပေးခြင်း၊ ဈေးငွေရရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ပြည်တွင်းပြည်ပ ဈေးကွက်ရရှိရေးနှင့် ကုန်ကြမ်းများကို ပြည်တွင်းပြည်ပမှရရှိအောင် ကူညီပေးခြင်းနှင့်သုတေသနနှင့် ဖွံ့ဖြိုးမှု လုပ်ငန်းစသည်တို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစိန်သန်းက ဆပ်ကော်မတီဖွဲ့စည်းဆောင်ရွက်ထားရှိမှုအခြေအနေကိုလည်းကောင်း၊ ဆပ်ကော်မတီ အတွင်းရေးမှူး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်လွင်ဦးက ဆပ်ကော်မတီ၏လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဆပ်ကော်မတီဝင် ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးကြပြီး ဆပ်ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပိဋကဗျူဟာအဖွဲ့ နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် ဓမ္မသဘင်ခန်းမတွင် ပိဋကဗျူဟာအဖွဲ့၏ ၂၀၀၄ ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ အမှုဆောင်အဖွဲ့က ဖိတ်ကြားထားသည်။ **(၃၅၂)**

မီးရထားအငြိမ်းစားများအသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာ့မီးရထား အငြိမ်းစားများအသင်း၏ ၂၀၀၄ ခုနှစ် သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ် ၃၅၇/၃၆၁ ကုန်သည်လမ်း မြန်မာ့မီးရထားရုံးချုပ် မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းဝင်များ ယင်းနေ့ နံနက် ၁၁ နာရီခွဲ နောက်ဆုံးထား၍ မပျက်မကွက်တက်ရောက်ကြရန်နှင့် ဖိတ်စာများပေးပို့ထားပြီးဖြစ်ကြောင်းသိရသည်။ **(က-ပ)**



ပိန်းဇလုပ်ဈေးအရှေ့ကတ္တရာလမ်းနှင့် အုန္နဲ့သာသစ်သားတံတားဖွင့်

ညောင်လေးပင် ဖေဖော်ဝါရီ ၁၀

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပိန်းဇလုပ်ဈေးအရှေ့ကတ္တရာလမ်းနှင့် အုန္နဲ့သာသစ်သားတံတားဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိမ်းဌေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းလွင်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

အကုန်အကျခံတည်ဆောက်

ဈေးအရှေ့ ကတ္တရာလမ်းမှာ စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၁၄၆၅၀၀၀နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၇၁၅၀၀၀ စုစုပေါင်းငွေကျပ် ၂၁၈၀၀၀၀ ကုန်ကျ၍ အရှည်ပေ ၉၀၀၊ အကျယ် ၁၂ပေရှိပြီး အုန္နဲ့သာ သစ်သားတံတားမှာ အရှည် ၆၁ ပေ ၆လက်မ၊ အကျယ် ၁၇ပေ ရှိပြီး စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၃၉၀၀၀၀၀ အကုန်အကျခံ၍ တည်ဆောက်ခဲ့သည်။

အသုံးပြုသွားလာနိုင်

အဆိုပါလမ်းနှင့်တံတားမှာ ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်အတွင်း ကျေးရွာချင်းဆက်သွယ်သော ကျေးလက်လမ်းတံတားဖြစ်ပြီး ညောင်လေးပင်မြို့နယ်ရှိ ပိန်းဇလုပ်၊ ရွာမ၊ ကံကလေး၊ ရေတွင်းကုန်း၊ အင်းပရိ၊ ဒလဆိပ်ကျေးရွာများနှင့် ကျောက်တံခါးမြို့နယ်ရှိ ကညင်ကျိုး၊ ဒိုးတန်း၊ သမင် အင်းကုန်း၊ တောင်ခင်ကျေးရွာများမှတစ်ဆင့် ကျောက်တံခါးမြို့နယ်အထိ သွားလာနိုင်ပြီး ဒလဆိပ်ကျေးရွာနှင့် ကညင်ကျိုး ကျေးရွာများမှတစ်ဆင့် စစ်တောင်းမြစ် အရှေ့ဘက်ကမ်းရှိ ရွှေကျင်မြို့နယ်နှင့် ကျောက်ကြီးမြို့နယ်များမှ ကျေးရွာများသို့လည်း အဆိုပါလမ်းအား အသုံးပြု၍ သွားလာနိုင်ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံအတွက် ရေသန့်လုံလောက်စွာရရှိရေး အလှူငွေပေးအပ်

ဘိုကလေး ဖေဖော်ဝါရီ ၁၀

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံတွင် ရေဖြန့်ဝေမှုစနစ်လျင်မြန်ပြီး ရေသန့်လုံလောက်စွာ ရရှိရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ၈ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်း အဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ဘိုကလေးမြို့နယ် မြို့မ(၃)ရပ်ကွက် ဝေနဲသစ်စက်ပိုင်ရှင် သုခမ္မမဏိဇောတရေ လူမှုထူးချွန် (တတိယဆင့်) ဆရာကြီး ဦးအောင်ညွှန့်နှင့်ဇနီး ဒေါ်ကြင်နုမိသားစုက မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ် ဥက္ကဋ္ဌ ဦးဝင်းမြင့်သို့ အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖြူးမြို့နယ် ထန်းတပင် (၂)လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

ဖြူး ဖေဖော်ဝါရီ ၁၂

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖြူးမြို့နယ် မြို့မအနောက်ရပ်ကွက် ထန်းတပင်(၂)လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၅ရက်က အဆိုပါလမ်းထိပ်မုခ်ဦးတွင် ကျင်းပသည်။

အခမ်းအနားတွင် ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွှန့်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကြည်စိုးနှင့် လမ်းအလှူရှင်ဦးလှမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**အဆိုပါလမ်းကို ဦးလှမြင့်မိသားစုက ငွေကျပ်သိန်း၅၀ အကုန်အကျခံ ဆောင်ရွက်ပေးခြင်းဖြစ်ပြီး အုတ်ခုံခံကွန်ကရစ်တံတားတစ်စင်းနှင့် အရှည်ပေ ၈၀၀၊ အကျယ် ၁၀ ပေရှိ ကတ္တရာလမ်းဖြစ်ကြောင်းသိရသည်။**(မြို့နယ်စည်ပင်)**

ကြီးကြပ်ဆောင်ရွက်

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မင်းဘူး–ကျောက်တန်းသွား လမ်းပေါ်ရှိ အရှည် ၂၂ ပေ၊ အကျယ် ခုနစ်ပေ ကွန်ကရစ်တံတားတည်ဆောက်ခြင်းကို ဇန်နဝါရီ ၁၁ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

မှော်ဘီမြို့နယ် ကျေးလက်လမ်းဂဝံခင်း

မှော်ဘီ ဖေဖော်ဝါရီ ၁၀

မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွက် ကုလားကြီးကုန်း–ညောင်ပင်သာယာကုန်းကျေးလက်လမ်း ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၇ရက်က အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုးသိမ်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

ရေတာရှည်မြို့နယ်စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်မျိုးစုံလှူဒါန်း

ရေတာရှည် ဖေဖော်ဝါရီ ၁၂

ရေတာရှည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်များတွင် အသုံးပြုရန်အတွက် သုတ၊ ရသ စာအုပ်မျိုးစုံ လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ၉ရက်နံနက်က ရေတာရှည်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမတွင် ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ရန်ကုန်မြို့ စမ်းချောင်းလမ်းနေ ရေတာရှည်မြို့နယ် အသင်းနာယက ဒုတိယဗိုလ်မှူးကြီးလှမောင်(ငြိမ်း)၊ ဇနီးဒေါ်မာမာလှမိသားစုက သုတ၊ ရသ မဂ္ဂဇင်းစာအုပ်မျိုးစုံ ၄၀၀ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် စာအုပ်မျိုးစုံ ၂၀၀ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းနှင်းက လက်ခံရယူပြီး ရေတာရှည်မြို့နယ် အခြေခံပညာအထက်တန်းအတွက် စာအုပ်မျိုးစုံ ၂၀၀ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးကြူက လက်ခံရယူကြောင်း သိရသည်။ **(က–ပ)**

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု စဥ့်ကူးမြို့နယ်တွင် ကျောက်ချောလမ်းဖွင့်

စဥ့်ကူး ဖေဖော်ဝါရီ ၁၂

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စဥ့်ကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ခဲ့သော မြို့သစ်(၆)လမ်း ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ရက် နံနက်စနာရီခွဲက အဆိုပါလမ်းထိပ်ရှိ မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် စဥ့်ကူးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းအောင်က အမှာစကားပြောကြားပြီး တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းက မြို့သစ်(၆)လမ်း ကျောက်ချောလမ်း အကျယ် ၁၂ပေ၊ အရှည် ၆၈၅ပေအား အဖွဲ့ခွင့်ပြုရန်ပုံငွေ ကျပ်၈၀၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းပြောကြားသည်။

အဆိုပါမြို့သစ်(၆)လမ်း ကျောက်ချောလမ်းအား စဥ့်ကူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်သန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်အောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(ယာပုံ)** (နယ်စပ်/စည်ပင်)

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ထားဝယ်မြို့ ဘုမွှော်ရပ်၊ ကျန်းမာရေးလမ်း၊ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ် (၁၅)၏ ဓမ္မရိပ်သာတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့ မိုးကုတ် ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ် နာယကဆရာတော် ဦးအဂ္ဂဉာဏသည် ဖေဖော်ဝါရီ ၂၀ ရက်မှစတင်၍ ခုနစ်ရက်တိုင်တိုင် ခန္ဓာဉာဏ်ရောက် သစ္စာလေးပါးတရားတော်နှင့် ပဋိစ္စသမုပ္ပာဒ် တရားတော်မြတ်ကို ဟောပြော ပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ဖေဖော်ဝါရီ ၁၉ရက် နောက်ဆုံးထား၍ မိုးကုတ်ရိပ်သာ ဓမ္မာရုံဖုန်း -၀၅၉-၂၂၂၇၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကန်ရွာကန် တောရကျောင်း နှစ်၁၀၀ ပြည့် ဓမ္မပူဇော်

ဂန့်ဂေါ ဖေဖော်ဝါရီ ၁၀

မကွေးတိုင်း ဂန့်ဂေါမြို့နယ် ကန်ရွာကန် တောရ ကျောင်းတိုက်ကို ၁၂၆၆ ခုနှစ် တွင် တည်ထောင်ခဲ့ရာ နှစ် (၁၀၀)ပြည့် ဓမ္မပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၆ရက်၊ ၁၇ ရက်တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရဆရာတော်၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် တပ်ကုန်းမြို့ မဟာသီဟနာဒ ဆရာတော်၊ ဖေဖော်ဝါရီ ၁၉ရက်တွင် မန္တလေးမြို့ အဝေရာရာမ ရန်ကင်းဆရာတော်၊ ဖေဖော်ဝါရီ ၂၀ရက်တွင် ရန်ကုန်မြို့ သာကေတ ပါဠိကာရီ ဆရာတော်၊ ဖေဖော်ဝါရီ ၂၁ရက်တွင် ဓမ္မကထိက ဆရာတော်၊ ဖေဖော်ဝါရီ ၂၂ရက်နှင့် ၂၃ရက်တွင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်တို့က နှစ် (၁၀၀)ပြည့် ပူဇော်ပွဲအဖြစ် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားကြမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဘုရားဖြူကျောင်းတိုက် သုံးထပ်ကျောင်းတော်ကြီး တည်ဆောက်ရန်အတွက် ဆရာတော်ဘဒ္ဒန္တ သောဘိတထံ ဖျာပုံမြို့ ကျုံကဒွန်းဘုရားကျောင်း ရဟန်းဒါယကာ ဦးတင်စိန်-ဒေါ်ရွှေကြည်အမှတ် ၁၁၉၅၊ မင်းနန္ဒာ(၁)လမ်း၊ သာကေတမှ အလှူတော်ငွေကျပ် ၁၂၀၀၀၀၀ ဆက်ကပ် လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ရဲထွဋ်နှင့် တာဝန်ရှိသူများ ဇန်နဝါရီ ၂၉ ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်လျက်ရှိသော မြို့ပတ်လမ်း အပိုင်း(၂) ကတ္တရာလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (၁၅၈)

အမြို့မြို့ အနယ်နယ် သတင်းများ

မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက် ထားဝယ်မြို့တွင်ပညာပေး ဟောပြောပွဲများကျင်းပ

ထားဝယ် ဖေဖော်ဝါရီ ၃

ထားဝယ်ခရိုင် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ ထားဝယ်မြို့မြို့မ (၁၅)ရပ်ကွက်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲများကို ဇန်နဝါရီ ၁၇ရက်မှ ၃၁ ရက်အထိ တစ်ရပ်ကွက်လျှင် တစ်ရက်နှုန်းဖြင့် ထားဝယ်မြို့ပေါ်ရှိ ရပ်ကွက်ပေါင်း ၁၅ ရပ်ကွက်တွင် ၁၅ ရက်တိုင်တိုင် ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင်မီးသတ် ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကြင်ထွန်းက ယခုကဲ့သို့ ပွင့်လင်းရာသီတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အိမ်တိုင်းတွင် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများ ထားရှိရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ထားရှိရေးနှင့် ပြည်သူများ မီးပေါ်ဆမှုမရှိစေရေးအတွက် လိုက်နာရမည့် စည်းကမ်းချက်များကို အသေးစိတ် ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(က-ပ)**

တိုင်းရင်းဆေးပညာ အခြေခံသင်တန်းဆင်း

ကျောင်းကုန်း ဖေဖော်ဝါရီ ၄

မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးဆရာ အသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် တိုင်းရင်းဆေးပညာ အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၅) သင်တန်းဆင်းပွဲ အခမ်းအနားကိုဇန်နဝါရီ၃၁ ရက်နံနက် ၁၁ နာရီက ဇရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်မြင့်ဦး၊ ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူး ဦးစောလွင်နှင့် မြို့နယ်တိုင်းရင်းဆေး ပညာဦးစီးမှူး ဒေါ်ခိုင်ခိုင်ဝေတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်ပေးအပ်ရာ ခရိုင်တိုင်းရင်းဆေး ပညာ ဦးစီးဌာန ဦးစီးမှူးက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ **(ယာပုံ)**

သင်တန်းမှာ ရက်သတ္တပတ် တစ်ပတ်ကြာပြီး မြို့နယ်အတွင်းရှိ ရပ်ကွက် ကျေးရွာအုပ်စုများမှ သင်တန်းသား၊ သင်တန်းသူ ၉၀ တက်ရောက်ကြောင်း သိရသည်။ **(၂၆၅)**

ဇန်နဝါရီ ၆ ရက်က မြစ်ကြီးနားမြို့ သီတာရပ်ကွက် သီတာ(၁)လမ်းအား အငယ်တန်းအင်ဂျင်နီယာ(၁) ဒေါ်မော်မော်သိန်းနှင့် စည်ပင်သာယာ ဝန်ထမ်းများက အဖွဲ့ပိုင် လမ်းကြိတ်စက်ဖြင့် ကတ္တရာလမ်း ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိဒုတိယညွှန် ကြားရေးမှူး ဦးအေးဆွေနှင့် အင်ဂျင်နီယာမှူး ဦးသိန်းမြင့်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဗန်းမော်မြို့၌ ပညာပေးဟောပြော

ဗန်းမော် ဖေဖော်ဝါရီ ၃

ကသာခရိုင် အမျိုးသမီးရေးရာ အဖွဲ့နှင့်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းတို့ ကြီးမှူးကျင်းပသည့် ပညာပေးဟောပြောပွဲကို ဗန်းမော်မြို့ အထက ကျောင်းခန်းမ၌ ဇန်နဝါရီ ၁၈ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကသာခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်စိန်စိန်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင် အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်ဝင်းမေက လူမှောင်ခို၊ လူကုန်ကူးခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင် ဒေါ်မြင့်မြင့်သိန်းက အေအိုင်ဒီအက်စ် ရောဂါအကြောင်းကို လည်းကောင်း၊ ကသာမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင် ဒေါ်နီနီမာက ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်ဆရာဝန် ဒေါက်တာ အောင်သိန်းက အနာကြီးရောဂါနှင့်ပတ်သက်၍ လည်းကောင်း ပညာပေးဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လားရှိုးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းစည်းဝေး

လားရှိုး ဖေဖော်ဝါရီ ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့က လုပ်ငန်းဆိုင်ရာ ညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၂၃ရက်က မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနေအိမ်တွင် ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဘိုနီက ရှေ့လုပ်ငန်းစဉ်များတင်ပြပြီး အတွင်းရေးမှူး ဦးသိန်းဟန်(ရာမညသွေးမွှန်)က စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပရေးစီမံချက်ကို တင်ပြသည်။

ထို့နောက် အမှုဆောင် ဒေါ်ခင်သန်းနွဲ့(မမ-တရားရေး)က လားရှိုး မဂ္ဂဇင်း (အမှတ် ၄)အတွက် လိုအပ်ချက်များ ရှင်းလင်း ပြောကြားပြီး အနယ်နယ်အရပ်ရပ် စာပေဝါသနာရှင်များထံမှ စာမူများစုဆောင်းရေး အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ **(၃၅၉)**

ထန်းတပင်မြို့ အဝင် ဆိုင်းဘုတ်ပြင်ဆင်မွမ်းမံ

ထန်းတပင် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြသာယာလှပရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြို့အဝင်ဆိုင်းဘုတ်အား သံပန်းများဖြင့် အလှဆင် ကာရံပေးခြင်းနှင့် ဆိုင်းဘုတ်ဝင်းအတွင်း မြက်ခင်းအလှ စိုက်ပျိုးခြင်းတို့ကို ဇန်နဝါရီ ၁၀ ရက်က အငယ်တန်းအင်ဂျင်နီယာ(၃) ဦးဇာနည်မင်းနှင့် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိဦးသန်းဇော်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(မြို့နယ်စည်ပင်)**

မြန်မာ့အသံ

၁၇-၂-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ပင်းတယမှ အောင်နိုင်သူဟိုတယ်)
- ၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)ချစ်ဗီမာန်မယိုင်လဲစေဖို့ (မင်းရွှေမင်း-တောင်ကုတ်) (၂)အကွေ့တစ်သောင်း၊ အကောက်တစ်သိန်းနှင့် ဖြစ်ရပ်မှန်မှုခင်းဝတ္ထုတိုများ (ဦးခင်ဇော်-မရမ်းကုန်း)
- ၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (အိပ်စက်နားနေခြင်း လိုအပ်မှုအကြောင်း)
- ၁၂:၃၀ အစာနှင့်အာဟာရ(ကချင်ရိုးရာ (ပိန်းပွင့်၊ပိန်းဥ၊ မျှစ်ချဉ်နှင့် ငှက်ပျောဖူးဟင်း)

ညနေပိုင်း

- ၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
- ၁၇:၀၀ တပ်မတော်စာတိုက်
- ၁၇:၁၅ သုတရေးရာဖြေကြားလွှာ
- ၁၉:၁၅ ဓာတ်လမ်းပမာနားဆင်စရာ (ရိုးပြာမြေတိုင်အောင်)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးအတွင်းမီးဘေးကြိုတင် ကာကွယ်ရေးလက်တွေ့ သရုပ်ပြလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၂ရက်ကဒုတိယဦးစီးမှူး (ဈေး) ဦးခင်မောင်သန်း ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ရာ ညွှန်ကြားရေးမှူး ဦးတင်စိုးနှင့် အမှုဆောင်အရာရှိ ဦးခင်ကျော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လက်ထပ်မင်္ဂလာညွှန်ခံပွဲ ကျေးဇူးတင်လွှာ

ရောဝတီတိုင်း၊ ငါးသိုင်းချောင်းမြို့နေ
ဦးဟုန်းမောင်–ဒေါ်ကြည်ကြည်ဝင်းတို့၏ သားကြီး
မောင်ဝင်းလှိုင် နှင့်
ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နေ
အရာခံဗိုလ်တင်သိန်း–(ဆေးလက်ထောက်၊ငြိမ်း)–
ဒေါ်သန်းသန်းအေးတို့၏သမီးထွေး
မသင်းသင်းခိုင် (B.N.Sc)

တို့၏ ၁၅–၂–၂၀၀၅ရက်၌ ရွှေမင်းဝံသာသနာ့ရိပ်သာတွင် ကျင်းပပြုလုပ်သော မင်္ဂလာဆွမ်းကျွေးနှင့် ညွှန်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဆရာဆရာမများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော သူငယ်ချင်းများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဝင်းလှိုင်–မသင်းသင်းခိုင်။




Myanmar Survey Research

JOB OPPORTUNITIES
(Local service only, payment in Kyat)

Myanmar Survey Research is seeking highly energetic candidates for the following openings:

Senior Analyst 2 Posts
- Male/Female
- Requirements:
  - Perfect English Writing
  - Analytical Skill
  - Statistics and Mathematics background

Analyst 10 Posts
- Male/Female age 30-40
- Requirements:
  - Computer Skill
  - English Proficiency
  - Statistics and Mathematics background

Junior Analyst 10 Posts
- Male/Female age 25-30
- Requirements:
  - Computer Skill
  - English Proficiency
  - Statistics and Mathematics background

Field Interviewer 40 Posts
- Male/Female age 20-40
- Long/Short Term Job
- Requirements:
  - Interpersonal Skill
  - Able to travel to States and Divisions
  - Natives of States/Divisions are preferable
  - Those who live in States/Divisions can also apply

Intensive Job Training will be provided for all positions.
A Copy of Labour Registration Card.
Send your application with CV not later than February 28, 2005 to:
Personnel Manager
Myanmar Survey Research
55, Top Floor, Maha Bandoola Garden Street
Kyauktada Township, Yangon

ငွေချက်ထုတ်ရန် သမ္မန်စာ

[တရားမကျင့်ထုံးကိုဒေဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀(၁)]
မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် တရားရုံးတော်၌
၂၀၀၄–ခုနှစ်၊ တရားမကြီးမှု အမှတ်–၂၈

၁။ ဦးမောင်မောင်လတ်		၁။ ဦးမြင့်မောင်(ခ) စီတာရမ်း
၂။ ဦးခင်မောင်ငွေး	**နှင့်**	၂။ ဂျန်ကူးမား(ခ) အန်ဂျူး
		၃။ မူနား(ခ) စံဂျူး
		၄။ မနီမာမီး(ခ) နီသား
တရားလို		**တရားပြိုင်**

မန္တလေးမြို့ အမှတ်၂၅၄၊ ၂၈လမ်း ၈၂ ×၈၃ကြား၊ ချမ်းအေးသာစံအလယ်ရပ် (ယခုနေရပ်လိပ်စာမသိ)နေ မနီမာမီး(ခ)နီသား သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမောင်မောင်လတ်ပါ–၂ဦးက မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ–၁၂(၁) (c)အရ နှင်လိုမှုလျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၂၈ရက်နေ့ မွန်းမတည့်မီ ၁၁နာရီအချိန်တွင် အထက်ကအမည် ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရန်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။

ထို့ပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီ ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၃ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းဇော်ညွှန့်(တ/၂၃၁၀)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

အမည်ပြောင်း

မြောက်ဥက္ကလာပမြို့နေ အဖ ဦးကိုကိုနိုင်၏သား အမက(၁၀) မြောက်ဥက္ကလာ၊ စတုတ္ထတန်း(A)မှ မောင်ထက်လင်းပိုင်အား မောင်ရဲမင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်ရဲမင်းအောင်။

အမည်ပြောင်း

ပြည်မြို့ ပြည်သူ့ဆေးရုံကြီးဝင်းနေ ဦးထွန်းကြည်၏သမီး မသန်းသန်းလှ ၈/မထန (နိုင်) ၀၀၁၂၂၄အား ယနေ့မှစ၍ မသန်းသန်းညိမ်းဟု ပြောင်းလဲခေါ်ပါရန်။ **မသန်းသန်းညိမ်း။**

အမည်ပြောင်း

အဖဦးလှထွေး၏ သမီး အလက (၂) ဒဂုံမြို့သစ်(မြောက်ပိုင်း) အဋ္ဌမတန်း (B)မှ မအိလေးအား သန်းခေါင်စာရင်းအရ မအိမွန်ဟု ပြောင်းလဲခေါ်ပါရန်။
မအိမွန်။

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ဦးလှမြင့်–ဒေါ်ရီရီမြင့်တို့၏ သား မောင်ဝင်းနောင်မြင့် ၉/မရတ(နိုင်) ၀၀၀၀၃၁အား ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)** **ဦးလှမြင့်–ဒေါ်ရီရီမြင့်။**

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ ၃၇၃)
ကသာခရိုင်တရားရုံး
၂၀၀၅ခုနှစ်၊ တရားမအထွေထွေမှု အမှတ်–၁
ကွယ်လွန်သူ ဒေါ်ကြည်ကြည်မာ ကျန်ရှိရစ်သောပစ္စည်းများအကြောင်း

ဦးကျော်သန်း
ရပ်ကွက်(၆) **လျှောက်ထားသူ**
ကသာမြို့

စစ်ကိုင်းတိုင်း၊ ကသာခရိုင်၊ ကသာမြို့ အမှတ်(၆)ရပ်ကွက်နေ ဦးကျော်သန်းက ကွယ်လွန်သူ ဒေါ်ကြည်ကြည်မာ၏ခင်ပွန်းဖြစ်သည်ဟူ၍ ဖော်ပြပြီး အထက်ပါလိပ်စာ၌ နေထိုင်ကွယ်လွန်သူ ဒေါ်ကြည်ကြည်မာမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်၊ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာ ရလိုကြောင်း ဤရုံးသို့လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်ကြည်ကြည်မာမှာ ကျန်ရှိရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၅ခုနှစ် မတ်လ ၁၅ရက် (၁၃၆၆ခုနှစ် တပေါင်းလဆန်း၆ရက်နေ့)နံနက်၁၀နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးကျော်သန်း၏ လျှောက်ထားချက်ကို နာကြား၍ လက်မှတ်စာရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၅ခုနှစ် ဇန်နဝါရီလ ၂၅ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးသီ
ခရိုင်တရားသူကြီး
ကသာခရိုင်၊ တရားရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ (Kyats) ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1	12(T)21/MR(M.YUG) 2004-2005	Spare parts for Loco;(900HP) (Engine, Body& Welding and Diesel Electric Spares)	29-Items

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်–၁၄–၃–၂၀၀၅(တနင်္လာနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၄–၂–၂၀၀၅) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၂၉၁၉၈၂၊ ၂၀၁၅၅၅–လိုင်းခွဲ– ၆၀၂၊ ၆၀၅၊ ၆၁၂။

လက်တွန်းထွန်စက်တောင်သူများအားရောင်းချပေး

သန်လျင် ဖေဖော်ဝါရီ ၇

သန်လျင်မြို့ရှိ အမှတ်(၁၈) ထွန်စက်စခန်းမှ လယ်ယာ(၁၆)လက်တွန်းထွန်စက်များကို စက်မှုလယ်ယာ ဦးစီးဌာနနှင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တို့သို့ ဆက်သွယ်၍ တောင်သူလယ်သမားများအား ရောင်းချပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂ရက်က မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဇော်က မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် သုံးခွမြို့နယ် မန်နေဂျာ ဦးအောင်ပြည့်အား လယ်ယာ(၁၆) လက်တွန်းထွန်စက်များ လွှဲပြောင်းပေးအပ်သည်။ **(အောက်ပုံ)**

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် ဆက်သွယ်ရောင်းချပြီးသော လယ်ယာ (၁၆) လက်တွန်းထွန်စက် စီးရေ ၁၆၂စီး ဖြစ်ကြောင်းနှင့် စက်မှုလယ်ယာ ဦးစီးဌာနအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဆက်သွယ်၍ လက်တွန်း ထွန်စက်များ ဆက်လက် ရောင်းချပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

မြောက်ဦးမြို့နယ် ဥက္ကဋ္ဌ ဦးခင်သန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စစ်တွေ ခရိုင် အတွင်းရေးမှူး ဦးထွန်းဝင်းတို့ ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၂၀ရက်က ရန်ကုန်–စစ်တွေလမ်းတစ်လျှောက်တွင် အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ် (၁)မှ သင်တန်းသား သင်တန်းသူများ၊ စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများနှင့် လော်ကပူရပ်ကွက် ပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

ပုသိမ်မြို့ ဈေးရပ်တန်းလမ်း အမှတ်(၁၀)နေ ဦးစံတင်အား ရည်စူး၍ ဇနီး ဒေါ်အေးကြည်နှင့် သားသမီးများက အလှူငွေကျပ်တစ်သိန်းကို ပုသိမ်မြို့ အမှတ်(၃) နယ်မြေ သိမ်တော်ကြီးလမ်း ဖေယျဝံသ ပရိယတ္တိစာသင်တိုက်ရှိ ကရုဏာ လူမှုကူညီရေးအသင်းသို့ လှူဒါန်းရာ ဂုဏ်ထူးဆောင်နာယက ဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်က လက်ခံ ရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။
(က–ပ)

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရန်ကုန်–မန္တလေးပြည်ထောင်စုလမ်းမကြီး အဆင့်မြှင့်လုပ်ငန်းစစ်ဆေး
လမ်းနှင့်တံတားများ သတ်မှတ်ခံနိုင်ဝန် စံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက်ရေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဖေဖော်ဝါရီ၁၄ ရက် နံနက် ၈နာရီတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းနယ်စပ် ဝမ်းဘော ဒုတ်တံတားသို့ရောက်ရှိကြရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့မှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဒိုက်ဦးမြို့နယ် ပျဉ်ပုံရွာသစ်အနီးရှိ ရွှေသံလွင်ဟိုင်းဝေး ကုမ္ပဏီလီမိတက် ရန်ကုန်–မန္တလေး ပြည်ထောင်စု လမ်းမကြီး တိုးချဲ့ဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း အုတ်တွင်းမြို့ရှိ အောင်စစ်သည်ခန်းမ၌ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း
တပ်မတော်နေ့စစ်ရေးပြစစ်ကြောင်းများ၏ တည်းခိုဆောင်များ နေရာချထားမှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဝင်များဖြစ်ကြသည့် စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးညဏ်ထွန်း၊ ဒုတိယတပ်မတော် လေ့ကျင့်ရေး အရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊

စာမျက်နှာ ၈ ကော်လံ ၅ ✡

အမျိုးသားညီလာခံသို့တက်ရောက်ရန် ကချင်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ် သို့ ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါးနှင့်ကဗျာအညွှန်း

- ❑ တပ်မတော်အစိုးရသည် နိုင်ငံသားများ၏ အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ ရည်မှန်းချက်ရောက်ရှိအောင် လက်တွေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက်ရှိရာ ရည်မှန်းထားသည်ထက် ကျော်လွန်အောင်မြင်ခဲ့။
  ခေါင်းကြီး(စာ-၂)
- ❑ တစ်မျိုးသားလုံးအရေးကို ဆွေးနွေးတိုင်ပင် ညှိနှိုင်းဆုံးဖြတ်ကြမှာမို့ အမျိုးသားညီလာခံသည်သာ စစ်မှန်သောညီလာခံဖြစ်တယ်။ အနာဂတ်နိုင်ငံတော်အတွက် အရေးကြီးဆုံးသော ညီလာခံလဲဖြစ်တယ်။
  ဟိန်းမြင့်၏ဆောင်းပါး(စာ-၃)
- ❑ မြန်မာ့နိုင်ငံရေးဘဝ၏ ထာဝရအလှ ပင်လုံ
  ဗလမင်းထင်၏ကဗျာ(စာ-၆)

အမျိုးသားညီလာခံတက်ရောက်ကြမည့် ကိုယ်စားလှယ်များ
မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ ဆက်လက်ရောက်ရှိ

အမျိုးသားညီလာခံတက်ရောက်ရန် မန္တလေးတိုင်းမှ အမျိုးသားညီလာခံကိုယ်စားလှယ်များ ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိကြရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။
(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အမျိုးသားညီလာခံကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်း၌ ကျင်းပမည်ဖြစ်ရာ အမျိုးသားညီလာခံသို့တက်ရောက်ကြမည့် အစုအဖွဲ့အသီးသီးမှ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းမှ စတင်လျက် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာကြရာ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ အမျိုးသားညီလာခံကိုယ်စားလှယ် ၁၀ ဦးတို့သည် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ၁၆ ဦးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ အမျိုးသားညီလာခံကိုယ်စားလှယ်တစ်ဦးတို့သည် လည်းကောင်း၊ ညနေပိုင်းတွင် ကချင်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ၃၂ ဦးတို့သည်လည်းကောင်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ■